မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၄၉)

သိပ္ပဉ္စ တေံ မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၇

အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးချစ်ဦး လိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်သို့ရောက်ရှိပြီး သံရည်ကျိုစက်ရုံ စီမံကိန်းရှင်းလင်းဆောင်၌ သံရည်ကျိုစက်ရုံ အမှုဆောင်ဒါရိုက်တာများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

တစ်နိုင်ငံလုံးနှင့် စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အား တိုးမြှင့်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိ

မြန်မာနိုင်ငံအောက်ပိုင်းနှင့် သံမဏိစက်ရုံကြီးများအတွက် ကမာနတ်-မြောင်းတကာဓာတ်အားလိုင်းဖွင့်



ကမာနတ်-မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းများကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ လျှပ်စစ်လုပ်သားကြီးများ ဤသို့ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြသည်။ (မြန်မာ့အလင်း)

> သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ခရမ်းစိုးမြင့် > စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုးတက်ပြောင်းလဲနေသောအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို မရပ်မနား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထူးစီမံကိန်းများ

ယခင်က ဘီလူးချောင်းကိုအခြေခံသည့် လောပိတရေအားလျှပ်စစ်စက်ရုံမှဖြင့် ရပ်နားမနေဘဲ တိုးချဲ့တည်ဆောက်မှုများပြုလုပ်ခဲ့ရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ရပြီးဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းများအနက် တည်ဆောက်ပြီးစီးသည့် စီမံကိန်းခြောက်ခု၊ တည်ဆောက်ဆဲစီမံကိန်း ၂၂ ခုနှင့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရန်လိုအပ်သော စီမံကိန်း ၁၅ ခု ရှိကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✳

ကမာနတ်-မြောင်းတကာ မဟာဓာတ်အားလိုင်း

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ တာဝန်ယူတည်ဆောက်ခဲ့သော ကမာနတ်-မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၈ ရက်)

ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိ မျိုးဆက်သစ်များ ရေရှည်အကျိုးဖြစ်ထွန်းရေး အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပြီး အခြေခံကျသော အထူးစီမံကိန်းကြီးများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် အဓိကအထောက်အကူပြုသည့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိရာ ယခင်က စက်တပ်ဆင်အားအရ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ကျော်သာရှိရာမှ ယခုအခါ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၉၀၀ခန့်အထိ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။

ထို့အတူကုန်စည်များ ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ရေး၊ တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှုလွယ်ကူပြီး အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး၊ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကားလမ်း၊ ရထားလမ်းနှင့် တံတားများကို ကွန်ရက်ပမာလက်ယှက်ထိုး တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ရေမြေသယံဇာတများကို အကျိုးရှိရှိအသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် နိုင်ငံတော်၏အချက်အချာဒေသများ၌ တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ပေးထားပြီးဖြစ်သည်။

ဆည်တမံရေရရှိရေးလုပ်ငန်းများကို တည်ဆောက်ထူထောင်ပေးခဲ့ရာ ယခုအခါ ဆည်တမံလုပ်ငန်း ၂၁၆ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု ရှိနေပြီဖြစ်ပြီး စိုက်ပျိုးသီးနှံများကို တစ်သီးစားစိုက်ပျိုးရာမှ နှစ်သီးစား၊ သုံးသီးစား သီးထပ်စိုက်ပျိုးနိုင်သဖြင့် တောင်သူလယ်သမားများ ဝင်ငွေ တိုးတက်လာခဲ့ပြီး လူမှုဘဝ တိုးတက်မြင့်မားလာခဲ့သည်။

အလားတူပင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက CDMA-450 မိုဘိုင်းလ်အိတ်ချိန်းလိုင်း ၅၅၀၀၀ တည်ဆောက်ခြင်း၊ CDMA-450 ရေဒီယို စခန်း၄၆ခုတပ်ဆင်ခြင်းလုပ်ငန်းများကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြို့တွင် စခန်းသုံးခုအပါအဝင် မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ဧရာဝတီတိုင်းနယ်မြေများ၌ စခန်း ၃၄ခုတည်ဆောက်ပြီး လိုင်းအင်အား ၅၅၀၀၀ကို အသုံးပြုနေပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေး၊ မျိုးဆက်သစ် နောင်လာနောက်သားများ ရေရှည်အကျိုးဖြစ်ထွန်းရေးနှင့် စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့မ ကျောင်းသားကျောင်းသူဟောင်းအသင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

နှစ်ပေါင်းများစွာ ကွဲကွာခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ သက်ကြီး အမှုဆောင်ဟောင်းကြီးများအား ပူဇော် ကန်တော့ရန်အတွက် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော မြို့မ ကျောင်းသား ကျောင်းသူ ဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၂၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အသင်း တိုက်ရှိရာ အမှတ်၆၈ စကားဝါလမ်း ဒဂုံ မြို့နယ်တွင် နိုဝင်ဘာ ၂၂ရက်(အမျိုးသားနေ့) နံနက် ၉နာရီခွဲ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည် ဖြစ်စေ ကျောင်းနေဖူးသူ မြို့မကျောင်းသား ကျောင်းသူဟောင်းတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင် အဖွဲ့မှ ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁၈-၁၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မျိုးချစ်တပ်မတော်
၅:၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း** (အပိုင်း-၁၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁၉)
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၂၆)

မြစ်ကြီးနားမြို့ ဈေးဆိုင်များ သန့်ရှင်းကောင်းမွန်ရေးဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၁၇

မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသောက်နိုင်ရန် လစဉ်ရပ်ကွက်အလိုက် ကွင်းဆင်းစစ်ဆေးလျက်ရှိရာ နိုဝင်ဘာ၁ရက်က ဦးစီးအရာရှိ ဦးဌေးနှ်စယ်၊ ကျန်းမာရေးမှူး (၂) ဦးနေလင်းကျော်နှင့် စည်းကမ်းထိန်းဝန်ထမ်းများသည် ရပ်ကွက်များအတွင်းရှိ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် မုန့်ဖုတ်လုပ်ငန်းဆောင်ရွက်မှုကို စည်းကမ်း ချက်နှင့်အညီ ဆောင်ရွက်မှု ရှိမရှိစစ်ဆေးခြင်း၊ ထွက်ရှိလာသော ဆိုင်ထွက်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးမထိခိုက်စေရေး စနစ်တကျဆွေးနွေးပြီး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **မြို့စွဲ၊ အိမ်စွဲ၊ လူစွဲဒိဋ္ဌိဖြုတ် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၅၀-၁:၅၀ Sunday Talk
၉:၀၅-၃:၀၅ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့"
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ L.V နည်းပညာဖြင့် ဘိလပ်မြေစက်ရုံစွမ်းအားကို မြှင့်တင်မည့်အစီအစဉ်
၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀ လုပသစ်ဆန်းအလှပြင်ခန်း (လီလီအလှပြင်ခန်း)
၁၀:၀၅-၄:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀ မိုးလေဝသခန့်မှန်းချက်
၁၀:၁၅-၄:၁၅ မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၁၀:၂၅-၄:၂၅တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာဘိုးဘွားရိပ်သာ(မော်လမြိုင် တောင်ဝိုင်းဘိုးဘွားရိပ်သာ)
၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅ မျိုးဆက်သစ်လူငယ်များနှင့် Han Golf
၁၁:၂၀-၅:၂၀တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀ Activities in the City (စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေးအသိပညာပေးပြပွဲ၊ ပြိုင်ပွဲ)
၁၁:၄၀-၅:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ဝါကျွတ်ကန်တော့ပန်း)
၁၁:၅၅-၅:၅၅ မနေ့ကာကွယ် သားအိမ်ခေါင်းကင်ဆာအန္တရာယ်
၁၂:၃၀-၆:၃၀ တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀ Music Gallery (အောင်နိုင်ကိုယ်ပိုင်သံစဉ်၂၅ နှစ်မြောက်)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

England U-21 International Friendly ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	England-Czech	Star Sports (Live)

အာရှအသက်(၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း ဖိလစ်ပိုင်အမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၇

အာရှအသက် (၁၆)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက ဂိုးပြတ်ဖြင့် ခြေစွမ်းပြအနိုင်ရရှိသွားသည်။

ခြောက်ဂိုး-ဂိုးမရှိ

ပြိုင်ပွဲ၏ ပတ်လည်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို လှယဉ်ဝင်းနှင့် ထက်သီဂီအေးတို့က နှစ်ဂိုးစီ၊ ဖရီဒါစောစုထွေးနှင့် ငွေဆွေတာရာတို့က တစ်ဂိုးစီဖြင့် စုစုပေါင်းခြောက်ဂိုး သွင်းယူနိုင်ခဲ့ သည်။

ခုနစ်မှတ်ရရှိ

မြန်မာအသင်းသည် လေးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ခုနစ်မှတ်ရရှိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

အာစရိယ ပူဇော်ပွဲ

အထက(၄) မင်္ဂလာတောင်ညွန့် (စိန့်အန်ထော်နီ) ကျောင်းသား ဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က အဆိုပါ ကျောင်း ခန်းမ၌ ကျင်းပစဉ်။ (ပညာရေး)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရှက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟသ်ာဆရာတော်ဘုရားကြီး)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ''ဧရာဝတီရဲ့ မနက်ဖြန်'' ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့သည့် အကယ်ဒမီစိုးမြတ်သူဇာအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧရာဝတီရဲ့ မနက်ဖြန် ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ပေးအပ်လှူဒါန်း

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ထံ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ မုန်တိုင်းသင့် ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့တွင် စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၆၄၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ဂုဏ်ပြုဇာတ်လမ်းဖြစ်သော ''ဧရာဝတီရဲ့မနက်ဖြန်''ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ညနေ ၆နာရီ ၄၅မိနစ်က ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ **''ဧရာဝတီရဲ့မနက်ဖြန်''** ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီပေးခဲ့ကြသည့် ရုပ်ရှင်၊ ဂီတ၊ ဗီဒီယိုတို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာ၌-

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **''ဧရာဝတီရဲ့ မနက်ဖြန်''**ဇာတ်ကားသည် ယခင်နှစ်များတွင် ရိုက်ကူးခဲ့သော ဂုဏ်ပြုဇာတ်လမ်းများနှင့်မတူဘဲ တစ်မူထူးခြားသည့် ဝိသေသများနှင့်ပြည့်စုံသော ဇာတ်ကားတစ်ကားဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါဇာတ်ကားတွင် ပါဝင်ရိုက်ကူး မှတ်တမ်းတင်ခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အတိုင်းမသိ ကျေနပ်ကြည်နူးကြမည်ဖြစ်ကြောင်း။

တာဝန်ကျေပွန်

အနုပညာရှင်များသည် လွတ်လပ်ရေးအကြိုကာလတွင် ပြည်သူတို့၏ မီးခဲပြာဖုံး အမျိုးသားရေးစိတ်ဓာတ်ကို အနုပညာဖြင့် နှိုးဆွပေးခဲ့ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့နောက် လွတ်လပ်ရေးထိန်းသိမ်းမှုကာလနှင့် ယခုနိုင်ငံတော်တည်ဆောက်ရေး ကာလများမှာလည်း နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေး ကာလတွင်လည်း အနုပညာရှင်များအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ နိုင်ငံ့တာဝန်၊ အနုပညာတာဝန်တို့ကို ဆက်လက် သယ်ပိုးထမ်းဆောင်ကြဦးမည်သာ ဖြစ်ကြောင်း။

''ဧရာဝတီရဲ့ မနက်ဖြန်''ဇာတ်ကားကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုများကို ဂုဏ်ပြုဖော်ဆောင်သော ဇာတ်ကားဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဂုဏ်ကိုလည်း ပီပြင်စွာဖော်ညွှန်းပြသနိုင်သော ဇာတ်ကားကြီးလည်းဖြစ်ကြောင်း၊ အနုပညာရှင်များအနေဖြင့် နောင်တွင်လည်း ဤကဲ့သို့ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုပြီး အနုပညာတာဝန်များ ကျေပွန်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် **''ဧရာဝတီရဲ့မနက်ဖြန်''** ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီစင်ရော်မောင်မောင်၊ ဇာတ်ညွှန်းထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်း၊ သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီနေအောင်၊ အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် အနုပညာအကြံပေး ဒါရိုက်တာဟိန်းစိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အနုပညာဒါန

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ကြီးကြပ်မှုဖြင့် နာဂစ်လေမုန်တိုင်းသင့် ဧရာဝတီတိုင်းအတွက် ရန်ပုံငွေ ဗီဒီယိုဇာတ်ကား ခြောက်ကားကို ဒါရိုက်တာ၊ သရုပ်ဆောင်နှင့် ဇာတ်ပို့ဇာတ်ရံများက အနုပညာကြေး ရယူခြင်းမရှိဘဲ အနုပညာဒါနအဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့ရာ အမြတ်ငွေကျပ်သိန်း ၆၄၀ရရှိခဲ့သည်။ အဆိုပါရရှိငွေ ကျပ်သိန်း၆၄၀ကို ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့တွင် စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ပေးအပ်လှူဒါန်းသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က **''ဧရာဝတီရဲ့ မနက်ဖြန်''** ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော အကယ်ဒမီ မေသဥ္ဇာဦး၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦးနှင့်ခိုင်သင်းကြည်၊ အနုပညာအကြံပေး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်တို့အားလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နောက်ခံတေးဂီတ ဖန်တီးသူ အကယ်ဒမီ ဇော်မျိုးထွဋ်၊ သရုပ်ဆောင်များဖြစ်ကြသည့် စိုးမိုးကြည်၊ အကယ်ဒမီအောင်ခိုင်၊ ဝိုင်းစုခိုင်သိန်း၊ မိုးပြည့်ပြည့်မောင်နှင့် ရှက်တယ်တို့အားလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဇာတ်ဝင်တေးသီချင်းများ ဖန်တီးသူ တေးရေးစောခူဆဲ၊ သရုပ်ဆောင် အောင်မြင့်ဗို၊ မေသက်ခိုင်၊ ခိုင်ဇာသွေး၊ ကြည်စိုး(IC)၊ ငှက်ပျောကြော်၊ ညောင်ညောင်နှင့် သုတတို့အား လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က သရုပ်ဆောင်များဖြစ်ကြသည့် ပွင့်၊ ဆုမြတ်စန္ဒီ၊ ကလေးသရုပ်ဆောင် ယွန်းယွန်း၊ မမများအဖွဲ့ကိုယ်စား သရုပ်ဆောင်မတူး၊ ကိုလူချောတို့အဖွဲ့ကိုယ်စား သရုပ်ဆောင် သတိုးစောနှင့် လပ်ကီးဆဲဗင်း ဗီဒီယိုထုတ်လုပ်ရေးမှ ဒေါ်အေးအေးဝင်းတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု ဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက **''ဧရာဝတီရဲ့ မနက်ဖြန်''** ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို တွဲဖက်ဒါရိုက်တာ ဟိန်းစိုးထံ ပေးအပ်ချီးမြှင့်သည်။

တည်ခင်း

ယင်းနောက်**''ဧရာဝတီရဲ့မနက်ဖြန်''** ဗီဒီယိုဇာတ်ကားတွင်ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား ဗီဒီယိုဇာတ်ကား ခံစားတင်ပြသူ ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားတွင် ဧည့်ခံဖျော်ဖြေပေးသော ကရဝိက်နန်းတော် မြန်မာဆိုင်းဝိုင်းကြီးအဖွဲ့အတွက် ဂုဏ်ပြုဆုငွေကို ဆိုင်းဝိုင်းခေါင်းဆောင်ထံ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုညစာစားပွဲကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ညစာစားပွဲအပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးများသည် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာကြသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် အသိပေးဆွေးနွေးခြင်း ဆင့်ပွားသင်တန်းနှင့် နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းဖွင့်

လားရှိုး နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ UNICEF နှင့် NAP တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု မိခင်မှကလေးသို့ HIV ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ခြင်းစီမံချက် အသိပေးဆွေးနွေးခြင်း၊ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီက လားရှိုးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ကျင်းပရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နန်းကိန်ဖောင်းတစ်က PMCT စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ဗဟိုမှထောက်ပံ့သော PMCT စီမံချက်သုံးပစ္စည်းများကို လားရှိုးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မူထံ ပေးအပ်သည်။

လက်ခံရယူ

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်လင်းမြင့်က လှူဒါန်းသည့် ကိုယ်ဝန်ဆောင်မိခင် လက်ဝယ်ထားရှိရမည့်မှတ်တမ်း (Home Based Maternal Record)များကို ပေးအပ်ရာ လားရှိုးမြို့နယ် သားဖွားခန်းမှ သားဖွားဆရာမ မသွယ်သွယ်ဟန်က လက်ခံယူသည်။ **(ပြည်နယ် ပြန်/ဆက်)**

ချမ်းသာသောအုပ်စု ၂၀ ဝါရှင်တန်အစည်းအဝေး အချိန်ဖြုန်းခြင်းသာဖြစ်ဟု သမ္မတချာဗက်ဇ်ဝေဖန်

ကာရာကတ် နိုဝင်ဘာ ၁၇

ဆင်းရဲသည့်နိုင်ငံများမပါသည့် ဝါရှင်တန်မြို့၌ကျင်းပသော ကမ္ဘာ့ခေါင်းဆောင်များ၏ အရေးပေါ်စီးပွားရေး အစည်းအဝေးမှာ အချိန်ဖြုန်းခြင်းတစ်ရပ်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ပြောကြားလိုက်ပြီး ကမ္ဘာ့ငွေကြေး ဈေးကွက်ထိုးကျမှုအတွက် တာဝန်ရှိသူများက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အစည်းအဝေးသာဖြစ်သည်ဟုလည်း ထောက်ပြလိုက်သည်။

ပြောကြား

အမှန်စင်စစ် ဝါရှင်တန်သွားပြီး သူတို့ဘာလုပ်ကြသည်ကို မိမိနားမလည်ကြောင်း၊ အိမ်ရှင်ကိုသာ အပြစ်တင်ရမှာဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က ပြောကြားသည်။

စီးပွားရေး အကျပ်အတည်းကို ဆွေးနွေးရန်အတွက် ကာရာကတ်၌ ဆင်းရဲသည့်နိုင်ငံများ၏ ခေါင်းဆောင်များ အစည်းအဝေးတစ်ရပ်ဖိတ်ကြားရန် မိမိစီစဉ်နေသည်ဟုလည်း သမ္မတ ချာဗက်ဇ်က ပြောကြားသည်။

တိုင်ပင်မေးမြန်း

ချမ်းသာသောနိုင်ငံ ၂၀ အုပ်စု (ဂျီ-၂၀)အစည်းအဝေးက မိမိတို့နိုင်ငံငယ်များကို တိုင်ပင်မေးမြန်းခြင်းပင် မပြုကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်န်အေရိုက်တာ**

နေအိမ် ၁၆၅လုံး တောမီးလောင်ကျွမ်း လော့စ်အိန်ဂျလိစ်၌ အရေးပေါ်ကြေညာ

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၁၇

အနည်းဆုံးနေအိမ် ၁၆၅လုံး တောမီးလောင်ကျွမ်းခံရပြီးနောက် ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုးရှဝပ်ဇင်နက်ဂါက လော့စ်အိန်ဂျလိစ်စီရင်စုအတွင်း နိုဝင်ဘာ ၁၅ရက်က အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ပြောင်းရွှေ့

တောမီးကြောင့် နိုဝင်ဘာ ၁၅ရက် နံနက်တိုင်အောင် ညလုံးပေါက် တစ်နာရီမိုင် ၇၀နှုန်းအထိ လေပြင်းတိုက်ခတ်ပြီး ဧက ၂၆၀၀အကျယ်အဝန်းကို မီးကူးစက်လောင်ကျွမ်းခဲ့သည်။ အာဏာပိုင်များအနေဖြင့်လည်း ဒေသခံပြည်သူ ၁၀၀၀၀တို့အား မီးလွတ်ရာသို့ ပြောင်းရွှေ့စေခဲ့သည်။

မီးလောင်သည့်အတွက် လျှပ်စစ်ဓာတ်အားတိုင်များ လဲကျကုန်ပြီး လျှပ်စစ်မီးချွေတာသုံးစွဲကြရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။

အမ်အင်န်အေဆင်ပွာ

ဂျပန် ကုန်တင်သင်္ဘောတစ်စင်း ဆိုမာလီပင်လယ်ဓားပြများ ခေါ်ဆောင်ခြင်းခံရ

ဆိုးလ် နိုဝင်ဘာ ၁၇

ဂျပန်ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီကမ်းလွန်တွင် နိုဝင်ဘာ ၁၅ရက် နှောင်းပိုင်းက ပင်လယ်ဓားပြများက ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်း ခံရကြောင်း ဆိုမာလီနိုင်ငံခြားရေး ဝန်ကြီးဌာန၏ နိုဝင်ဘာ ၁၆ရက်က ကြေညာချက်ကို တောင်ကိုရီးယား ယွန်ဟပ် သတင်းဌာနက ကိုးကားဖော်ပြသည်။

လိုက်ပါ

ဂျပန်ကုန်သင်္ဘောတွင် တောင်ကိုရီးယား သင်္ဘောသားငါးဦး အပါအဝင် စုစုပေါင်း သင်္ဘောသား ၂၃ဦး လိုက်ပါသွားကြသည်။

ပင်လယ်ဓားပြများနှင့် ပတ်သက်၍လည်းကောင်း၊ သင်္ဘောသားများ ဘေးအန္တရာယ်လုံခြုံရေးကိစ္စနှင့် ပတ်သက်၍သော်လည်းကောင်း အသေးစိတ်မသိရှိရဟု ဆိုသည်။

အမ်အင်န်အေရိုက်တာ

ကန်ရဟတ်ယာဉ် အီရတ်၌ပျက်ကျ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ရဟတ်ယာဉ်တစ်စင်း နိုဝင်ဘာ ၁၅ရက်က ပျက်ကျသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပျက်ကျ

ပျက်ကျသည့်ရဟတ်ယာဉ်မှာလက်နက်တပ်ဆင်ထားသည့် ကင်းထောက် ရဟတ်ယာဉ်ငယ်တစ်စင်းဖြစ်ပြီးဆင်းသက်စဉ် ကောင်းကင်ဓာတ်ကြိုးနှင့် ငြိပြီးပျက်ကျခြင်းဖြစ်သည်ဟုဆိုသည်။

အကြမ်းဖက်တိုက်ခိုက်

မိုဆူးလ်မြို့သည် မကြာမီလများအတွင်းက အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုအများဆုံး နေရာတစ်ခု ဖြစ်သည်။

ပေါ်ပေါက်

အီရတ်တွင် အကြမ်းဖက်မှုအနည်းငယ် အရှိန်လျော့သွားသော်လည်း လေယာဉ်ပျက်ကျမှုများ မကြာခဏ ပေါ်ပေါက်လျက်ရှိသည်။

အမ်အင်န်အေရိုက်တာ

မိုဆူးလ်၌ မိုင်းထောင် တိုက်ခိုက်မှုများ ဖြစ်ပွား

မိုဆူးလ် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံ မိုဆူးလ်မြို့တောင်ပိုင်းတွင် ရရာဖြင့်ဖြစ်သလို ဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်းဖြင့် မိုင်းထောင်တိုက်ခိုက်မှုနှစ်ရပ် ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မိုဆူးလ်မြို့တောင်ပိုင်း ဒိုရာအယ်လ် ဆဝက်စ်အရပ်၌ ဖြစ်ပွားသောမိုင်းထောင်တိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က အဆွတ်အယ်လ်အီရတ်သတင်းဌာနသို့ ပြောကြားသည်။

ဆက်လက်ပြောကြား

အခြားတိုက်ခိုက်မှုမှာ ဒိုရာအယ်လ် ဆဝက်စ်အရပ်အနီး ဝါဒီဟာဂျာအရပ်ရှိ ဥမင်အနီးတွင်ဖြစ်ပွားခဲ့ပြီး အရပ်သားတစ်ဦးသေဆုံးခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ယာဉ်များကို ပစ်မှတ်မထားသည့် တိုက်ခိုက်မှုများသာဖြစ်ကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

နိနီဝါပြည်နယ်၏မြို့တော် မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့မှ မြောက်ဘက်၄၀၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင် ၂၆၀အကွာ တဲလ်အဖာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူများအား ဆေးရုံသို့ပို့ဆောင်ရန် စီစဉ်နေသည်ကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်း ကားဗုံးခွဲတိုက်ခိုက် ၁၀ဦးသေဆုံးပြီး ၃၀ခန့် ဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံမြောက်ပိုင်း တဲလ်အဖာမြို့ ကားရောင်းဝယ်ရေး ကုမ္ပဏီအပြင်ဘက်တွင် နိုဝင်ဘာ ၁၅ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ဦးသေဆုံးပြီး ၃၀ခန့် ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၆ရက်၌ ကြေညာသည်။

အတည်ပြုကြေညာ

ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အတည်ပြုကြေညာသည်။ သို့သော် ဒဏ်ရာရသူ ၂၀ရှိမည်ဟု စောစောပိုင်းက ခန့်မှန်းပြောကြားသည်။ အသေခံဗုံးခွဲသူက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့်ကားကို မောင်းနှင်ဖောက်ခွဲခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ပြောကြား

သို့သော် ကားဗုံးခွဲတိုက်ခိုက်ရာ၌ အသုံးပြုသည့်ကားမှာ ယာဉ်များရပ်နားရာနေရာ၌ရှိသည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

လှုပ်ရှား

အသေခံကားဗုံးခွဲသည့် တဲလ်အဖာမြို့မှာ နိုင်ဗေးပြည်နယ် မိုဆူးလ်မြို့အနီးတွင် တည်ရှိပြီး အယ်လ်ခိုင်ဒါနှင့် ဆွန်နီသူပုန်တို့ လှုပ်ရှားသည့်ဒေသ ဖြစ်သည်။

(အင်တာနက်)

ဂျာလောလာမြို့တွင် အသေခံကားဗုံးခွဲတိုက်ခိုက် ၂၁ဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံ ဘာကူဘာမြို့၏မြောက်ဘက် ၄၃ မိုင်အကွာ ဒီယာလာပြည်နယ် ဂျာလောလာမြို့ စစ်ဆေးရေးဂိတ်တွင် နိုဝင်ဘာ ၁၆ ရက်စောစောပိုင်းက အသေခံကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦး အပါအဝင် သေဆုံးသူ ၂၁ဦးအထိ တိုးလာခဲ့ပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒီယာလာ ရဲအကြီးအကဲတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဒဏ်ရာရရှိ

သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ဒဏ်ရာရရှိသူများအနက် ရဲတပ်ဖွဲ့ဝင်ငါးဦး ပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပြောကြား

ယင်းနေ့စောစောပိုင်းက ဂျာလောလာမြို့လယ်ရှိ စစ်ဆေးရေးဂိတ်ကို ပစ်မှတ်ထားတိုက်ခိုက်သော ကားဗုံးခွဲတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

တည်ရှိ

ဂျာလောလာမြို့သည် ဘာကူဘာမြို့၏ အရှေ့မြောက်ဘက် ၆၇ မိုင်အကွာရှိ ခါနာကင်ခရိုင်တွင် ပါဝင်ပြီး ဒီယာလာ ပြည်နယ်၏ မြို့တော် ဘာကူဘာသည် ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင် အကွာ၌ တည်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁၅ရက် ညနေပိုင်းက ဘဂ္ဂဒက်မြို့လယ် လူစည်ကားရာဒေသဖြစ်သည့် ကာရာဒါအရပ် ယာဉ်ရပ်နားစခန်းတွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးပြီး ၂၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

(အင်တာနက်)

ပုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာ ပြည်နယ် ဘက်တီကော့ထ်ခရိုင်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော ကားတစ်စီးကို နိုဝင်ဘာ ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကိုယ့်ပြဿနာကိုယ်ဖြေရှင်းရန် ချမ်းသာသည့်နိုင်ငံများအား ဘရာဇီးသမ္မတ တိုက်တွန်း

ဝါရှင်တန် နိုဝင်ဘာ ၁၇

ချမ်းသာသည့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ကိုယ့်ပြဿနာကိုယ်ရှင်းကြရန် ဘရာဇီးသမ္မတလူလာဒါဆီးလ်ဗားက နိုဝင်ဘာ ၁၅ရက်တွင် တိုက်တွန်းလိုက်ပြီး ဤနည်းသည်သာလျှင် မျက်မှောက်ငွေကြေးအကျပ်အတည်းကို ပျံ့နှံ့မသွားစေရန် တားဆီးသည့် အကောင်းဆုံး ဖြေရှင်းနည်းဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

ပြောကြား

ဤပြဿနာများ ပထမဆုံးပေါ်ပေါက်သည့် နိုင်ငံများမှာ ဆင်းရဲသည့်နိုင်ငံများ မဟုတ်ဘဲ ချမ်းသာသည့် နိုင်ငံများသာဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ပြောကြားသည်။

တက်ရောက်

ဝါရှင်တန်၌ကျင်းပသည့် ငွေကြေး ဈေးကွက်နှင့် ကမ္ဘာ့စီးပွားရေးထိပ်သီး အစည်းအဝေးတက်ရောက်သည့် ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေဆင်ပွာ

ဘယ်သန်သူများသည် ညာသန်သူများထက် စိုးရိမ်စိတ်လွန်ကဲဟုဆို

ဘယ်သန်သူများသည် ညာသန်သူများထက် စိုးရိမ်စိတ်ကြီးသူများဖြစ်ပြီး ညာသန်များထက်လည်း စိတ်ပိုင်းဆိုင်ရာရောဂါများ ခံစားရလေ့ရှိကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

လေ့လာတွေ့ရှိ

ဘယ်သန်သူများသည် နေရာဒေသ ဝန်းကျင်အသစ်နှင့် ထိတွေ့ဆက်ဆံတိုင်း ညာသန်သူများထက် ရှက်စိတ်၊ စိုးရိမ်စိတ်နှင့် မသိမသာကြောက်စိတ်များ ဝင်တတ်မှု ပိုမိုများနေတတ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

စိတ်ပိုင်းဆိုင်ရာကွဲပြား

ယခင် သုတေသနပြုချက်အရ ဘယ်သန်သူနှင့်ညာသန်သူတို့၏ စိတ်ပိုင်းဆိုင်ရာ ခံစားမှုအခြေအနေမှာ အတူတူပင်ဖြစ်ကြောင်း သိရှိခဲ့ရသော်လည်း အမျိုးသား၊ အမျိုးသမီး ၁၄၀ တို့အား စနစ်တကျ သုတေသနပြုခဲ့ရာ ဘယ်သန်နှင့် ညာသန်များ၏ ဦးနှောက်တည်ရှိမှုမှာ ကွဲပြားကြောင်း၊ စိတ်ပိုင်းဆိုင်ရာလည်း ကွဲပြားကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဘယ်သန်သူများသည် ဉာဏ်ပညာကြီးရင့်သူများဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကြောင့် ဂရုစိုက်သင့်ကြောင်း အကြံပြုတိုက်တွန်းထားသည်။

အင်တာနက်ကျန်းမာရေး

သဘာဝသိပ္ပံ

အိုမန်တွင် ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူနိုင်သည့် ကျောက်များတွေ့ရှိ ကမ္ဘာကြီးပူနွေးလာမှု လျှော့ချရေး၌ အထောက်အကူပြုနိုင်

တိုကျို နိုဝင်ဘာ ၁၇

အိုမန်နိုင်ငံ၌တွေ့ရသော ကျောက်တုံးအများစုမှာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့စုပ်ယူနိုင်စွမ်းရှိသည်ကို တွေ့ရှိရသဖြင့် ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေးတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပြောင်းလဲ

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ပီရီဒိုးတိုက်ဟုခေါ်သော ယင်းကျောက်တုံးများ ထိတွေ့သည့်အခါ ကျောက်တုံးများက ဓာတ်ငွေ့ကိုစုပ်ယူပြီး ဓာတ်ငွေ့များမှာ ကယ်လ်ဆိုက်ကဲ့သို့သော ဓာတ်သတ္တုအခဲများအဖြစ်သို့ ပြောင်းလဲသွားသည်။

ဖော်ပြမည်

ယင်းတွေ့ရှိချက်သည် နှစ်စဉ် လူတို့ပယောဂကြောင့် ထွက်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် ဘီလီယံ ၃၀ကျော်ကို ပီရီဒိုးတိုက်ကျောက်တုံးများနှင့် ထိတွေ့စေပြီး ကျောက်အဖြစ် ပြောင်းလဲနိုင်ဖွယ်ရှိကြောင်း ဘူမိဗေဒပညာရှင် ပီတာကေလီမန်နှင့် ဂျပ်မက်သာတို့က ပြောကြားသည်။ အဆိုပါ လေ့လာတွေ့ရှိချက်ကို နိုဝင်ဘာ၁၁ရက်ထုတ် သိပ္ပံအကယ်ဒမီဂျာနယ်တွင် ဖော်ပြထားမည်ဟု ဆိုသည်။

တွေ့ရှိ

ပီရီဒိုးတိုက်ကျောက်သည် ကမ္ဘာ့မြေထုအတွင်း မာကျောသည့် ကျောက်သားလွှာတွင် သာမန်အားဖြင့်တွေ့ရသော ကျောက်အမျိုးအစား ဖြစ်သည်။ ယင်းကျောက်လွှာသည် ကမ္ဘာ့မာကျောသည့် အပေါ်ယံလွှာအောက်တွင် ရှိသည်။ အိုမန်နိုင်ငံတွင် ယင်းကျောက်လွှာကို ထင်ရှားစွာ တွေ့ရသည်။ **(အင်တာနက်)**

ဘဝအမောပြေ

စိတ်အေးရပြီ . . . .

ဆရာဝန်ထံသို့ ဇနီးမောင်နှံနှစ်ဦးရောက်ရှိလာကြပြီး တိုင်ပင်မေးမြန်းခဲ့ကြသည်။

အမျိုးသား ။ ။"ဒေါက်တာ၊ ကျွန်တော့်အမျိုးသမီးရဲ့ ကျန်းမာရေးအခြေအနေ စစ်ဆေးကြည့်ပေးပါ"

ဒေါက်တာ ။ ။"ရပါတယ်" ဟုဆိုကာ စစ်ဆေးကြည့်လေသည်။

အမျိုးသား ။ ။"ဘာရောဂါဖြစ်တာလဲ ဒေါက်တာ"

ဒေါက်တာ ။ ။အပြင်သို့ခေါ်ထုတ်လာပြီး တိုးတိုးပြောလေသည်။ "ခင်ဗျားအမျိုးသမီး ကင်ဆာဖြစ်နေပြီ၊ သိပ်ကြာကြာ မနေရတော့ဘူး"

အမျိုးသား ။ ။"ဟုတ်လား အခုမှပဲ စိတ်အေးရတော့တယ်"

ဒေါက်တာ ။ ။"ဗျာ"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊
မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊
တင်မာဝင်းနှင့်အေးသန္တာသိန်း။

ဂျော်ဂျီယာနိုင်ငံဆိုသည်မှာ . . . .

သတင်းအက်ဆေး

ဂျော်ဂျီယာနိုင်ငံသည် အနောက်တောင်အာရှပင်လယ်နက်၏ အရှေ့ဘက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ဥရောပနှင့် အာရှတိုက်တို့ ထိတွေ့သည့် မဟာဗျူဟာမြောက် အရေးပါသော လမ်းဆုံလမ်းခွဖြစ်သည်။ တစ်မူထူးပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အများအပြားကိုလည်း ဤနိုင်ငံ၌ တွေ့ရှိရသည်။

ရင်ဆိုင်နေရ

၁၉ရာစုတွင် ရုရှားက သိမ်းပိုက်ခြင်းမပြုမီ ရာစုနှစ်များစွာကပင် ဤနိုင်ငံမှာ ပါရှား၊ တူရကီနှင့် ရုရှားတို့ ယှဉ်ပြိုင်အနိုင်လုပွဲဖြစ်ပွားရာ နေရာဖြစ်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက် ၁၉၉၁ခုနှစ်တွင် လွတ်လပ်ရေးရပြီးသောအခါ ဤနိုင်ငံမှာ အမေရိကန်နှင့် ရုရှားတို့၏ အားစမ်းရာ ဒေသသဖွယ်ဖြစ်လာခဲ့ရပြန်သည်။ ထို့ပြင် ဤနိုင်ငံသည် အခါဇီးယားနှင့် တောင်အော်ဆက်တီးယားတို့၏ ခွဲထွက်ရေး ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရပြန်သည်။

၁၈၀၁-၀၄ခုနှစ်တွင် လက်ရှိဂျော်ဂျီယာနိုင်ငံ နယ်ပယ်အများစုမှာ ရုရှားအင်ပါယာဖြစ်ခဲ့သည်။ ၁၉၁၈ခုနှစ်တွင် ဂျော်ဂျီယာလွတ်လပ်ရေး ကြေညာသည်။ ၁၉၂၁ခုနှစ်တွင် တပ်နီတော်ကျူးကျော်ပြီး ၁၉၂၂ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကို မူလဖွဲ့စည်းထူထောင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၇၂ခုနှစ်တွင် အက်ဒွပ်ရှီဗာနာဇေအား ဂျော်ဂျီယာ ကွန်မြူနစ်ပါတီခေါင်းဆောင်အဖြစ် ခန့်သည်။

တောင်းဆို

၁၉၈၉ခုနှစ်တွင် တောင်အော်ဆက်တီးယား ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုမှုကြောင့် ဂျော်ဂျီယာနှင့် အော်ဆက်တီးယန်းများ အကြမ်းဖက်ပဋိပက္ခ ဖြစ်လာသည်။ ရုရှားငြိမ်းချမ်းရေး၊ ထိန်းသိမ်းရေးတပ်များ ဖြန့်ကြက်လိုက်သည်။

၁၉၉၀ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲတွင် အမျိုးသားရေးညွန့်ပေါင်းအဖွဲ့ အနိုင်ရကာ၊ ဂမ်ဆာခွန်ဒီးယားမှာ လွှတ်တော်ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၉၁ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲက လွတ်လပ်ရေးရယူရန် ထောက်ခံပြီးနောက် ဂျော်ဂျီယာပါလီမန်က ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်ကြောင်း ကြေညာသည်။ ဂမ်ဆာခွန်ဒီးယားကို သမ္မတအဖြစ်ရွေးချယ်လိုက်သည်။

၁၉၉၂ခုနှစ် ဇန်နဝါရီလတွင် အသိအမှတ်ပြုမခံရသည့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာ တောင်အော်ဆက်တီးယားပြည်သူများက လွတ်လပ်ရေးကို ထောက်ခံဆန္ဒပြုကြသည်။

လမ်းပွင့်သွား

၁၉၉၂ခုနှစ် မတ်လတွင် ရှီဗာနာဇေမှာ ဂျော်ဂျီယာနိုင်ငံတော် ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ ထိုနှစ်အောက်တိုဘာလတွင် ရှီဗာနာဇေအား ပါလီမန်ဥက္ကဋ္ဌအဖြစ် တိုက်ရိုက်ရွေးချယ်ခံရသည်။ ၁၉၉၃ခုနှစ် စက်တင်ဘာလတွင် ဂျော်ဂျီယာတပ်များကို အခါဇီးယားမှ ခွဲထွက်ရေးသမားများက တိုက်ထုတ်သည်။ ၁၉၉၄ခုနှစ်တွင် ဂျော်ဂျီယာအစိုးရနှင့် အခါဇီးယားခွဲထွက်ရေးသမားများ အပစ်အခတ်ရပ်စဲရေး သဘောတူချက် လက်မှတ်ရေးထိုးသဖြင့် ဒေသတွင်း ရုရှားငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်များ ဖြန့်ကြက်ရေး လမ်းပွင့်သွားစေသည်။

၁၉၉၅ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်ဖော်ထုတ်သည့် သမ္မတရာထူးအတွက် ရွေးကောက်ပွဲ၌ ရှီဗာနာဇေအနိုင်ရသည်။ ၂၀၀၀ပြည့်နှစ် ဧပြီလတွင် သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရသည်။ ၂၀၀၃ခုနှစ် နိုဝင်ဘာလတွင် အတိုက်အခံတို့၏ သွေးထွက်သံယိုမရှိ နှင်းဆီတော်လှန်ရေးက ရှီဗာနာဇေအား ရာထူးမှဖယ်ရှားလိုက်သည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလသမ္မတရွေးကောက်ပွဲတွင် မီခေးလ်ဆားကက်ဘက်ရှ်ဗီလီ အနိုင်ရသည်။

ထုတ်ပြန်

၂၀၀၄ခုနှစ် မေလတွင် ဂျော်ဂျီယာအစိုးရက အသိအမှတ်မပြုသည့် ပါလီမန်ရွေးကောက်ပွဲကို တောင်အော်ဆက်တီးယားက ကျင်းပသည်။ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ဂျော်ဂျီယာအစိုးရက အသိအမှတ်မပြုသည့် အခါဇီးယားသမ္မတ ရွေးကောက်ပွဲ ကျင်းပသည်။ ဘက်ဂက်ရှ်၏ နောက်လိုက်များနှင့် ရုရှားလိုလားသည်ဆိုသူ ခက်ဇင်ဘာ၏ နောက်လိုက်များ ပဋိပက္ခဖြစ်သည်။ ၂၀၀၅ခုနှစ် ဇန်နဝါရီလ ထပ်မံပြုလုပ်သောအခါ ဘက်ဂက်ရှ်က သမ္မတရွေးကောက်ပွဲ အနိုင်ရသည်။ ပြိုင်ဘက် ခက်ဇင်ဘာက ဒုတိယသမ္မတဖြစ်လာသည်။ ဂျော်ဂျီယာနိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးအဆိုကို ဂျော်ဂျီယာသမ္မတ ဆားကတ်ရှ်ဗီလာက ထုတ်ပြန်သည်။ သို့သော် တောင်အော်ဆက်တီးယား ခွဲထွက်ရေးသမားများက အပြည့်အဝ လွတ်လပ်ရေးရယူလိုသည်။

ရုပ်သိမ်း

၂၀၀၅ ခုနှစ် ဇူလိုင်လတွင် မေလ သဘောတူညီချက်အရ ဆိုဗီယက်စစ်စခန်းများမှ ရုရှားတပ်ဖွဲ့ဝင်များကို ရုရှားက စတင်ရုပ်သိမ်းသည်။ ၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် အပြီးရုပ်သိမ်းရမည် ဖြစ်သည်။

၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် ဆားကက်ရှ်ဗီလီ သမ္မတရွေးကောက်ပွဲ၌ ပြန်လည်အရွေးခံရသည်။ ထိုနှစ်မတ်လတွင် အခါဇီးယားခွဲထွက်ရေး အစိုးရက ယင်း၏ လွတ်လပ်ရေးကို ကုလသမဂ္ဂ အသိအမှတ်ပြုရန် တောင်းဆိုသည်။

အတည်ပြု

၂၀၀၈ ခုနှစ် ဩဂုတ်လတွင် ဂျော်ဂျီယာတပ်များကို တောင်အော်ဆက်တီးယား ခွဲထွက်ရေးတပ်များကို တိုးမြှင့်တိုက်ခိုက်လာပြီးနောက် ဂျော်ဂျီယာနှင့် ရုရှားဆက်ဆံရေး တင်းမာမှုသည် အရှိန်မြှင့်သွားသည်။ ရက်သတ္တပတ်ကျော်ကြာပြီး နောက် ပြင်သစ်ကြားဝင်ပေးသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို နှစ်ဖက်စလုံးက လက်မှတ်ရေးထိုးသည်။ နောက် ရက်အနည်းငယ်အကြာတွင် တောင်အော်ဆက်တီးယားနှင့် အခါဇီးယားလွတ်လပ်ရေးကို ရုရှားကအသိအမှတ်ပြုကြောင်း ကြေညာသည်။ ထိုနှစ် စက်တင်ဘာလတွင် ခွဲထွက်ဒေသနှစ်ခု၌ တပ်ဖွဲ့ဝင် ၇၆၀၀ ထားရှိမည်ဟု ရုရှားက ကြေညာသည်။ ထိုနှစ် အောက်တိုဘာလတွင် ရုရှားတပ်များကို အခါဇီးယားနှင့် တောင်အော်ဆက်တီးယားအကြား ကြားခံဇုန်နှင့် ဂျော်ဂျီယာ ကျန်ဒေသများမှ ရုပ်သိမ်းခဲ့သည်။ ဂျော်ဂျီယာ အတိုက်အခံများက ရွေးကောက်ပွဲ စောကျင်းပရန် တောင်းဆိုသည်။ ထိုနှစ် နိုဝင်ဘာလတွင် ဖယ်ရှားလိုက်သည့် ဝန်ကြီးချုပ် ဂျာဂျင်နစ်နေရာတွင် သမ္မတ ဆားကက်ရှ်ဗီလီက ဂရိဂိုအမ်ဂါလိုဘလစ်ဗီလီကို ဝန်ကြီးချုပ် အဖြစ် ခန့်ထားရေး အတည်ပြုသည်။ ။

ကိုးကား-အင်တာနက်

ဂျော်ဂျီယာနိုင်ငံသည် အနောက်တောင်အာရှပင်လယ်နက်၏ အရှေ့ဘက် ကမ်းခြေဒေသတွင် တည်ရှိ၊ ဤနိုင်ငံသည် ဥရောပနှင့် အာရှတိုက်တို့ ထိတွေ့သည့် မဟာဗျူဟာမြောက် အရေးပါသော လမ်းဆုံလမ်းခွဖြစ်၊ တစ်မူထူးပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အများအပြားကိုလည်း ဤနိုင်ငံ၌တွေ့ရှိရ။

တိုး ရေးသားသည်

ကျန်းမာရေးအသိ

* ယခင်ရှေးခါ	လူတကာက
အိမ်သာသတ်မှတ်	ခေါ်ပညတ်လည်း
ပညတ်မဖက်	ဓာတ်မသက်ခဲ့
လွဲချက်မှန်လစ်	ပြီးကပစ်ဖြင့်
အညစ်အကြေး	စွန့်ခဲ့သည်။
* ညစ်ကြေးပျော်ပါး	ယင်နားအစာ
စားမိပါ၍	များစွာလူများ
ဝမ်းသွားဝမ်းပျက်	ဝမ်းကိုက်ချက်နှင့်
ထို့ထက်ဆိုးသွမ်း	ကာလဝမ်းအပြင်
အသည်းတွင်	ဒုက္ခရခဲ့သည်။
* ယခုခါမူ	များပြည်သူ၏
ပြုမှုပြောင်းဘိ	တော်တည့်မှန်တုံ
ယင်လုံအိမ်သာ	မှန်စွာမြို့ပြ
တကွကျေးလက်	မပျက်ကွက်ငြား
သုံးစွဲသွားပြီ	အများပြည်သူအောင်ပွဲတည်း။ ။

ဒေါက်တာသန်းဦး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၁-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

၂:၅၀ ၁။ တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြို ဗိုလ်လုပွဲ) (မြန်မာနှင့်မလေးရှား)
၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာစာ)
၅:၁၀ ၄။ မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံ
၅:၃၀ ၅။ ဆိုကြမယ်ပျော်ကြမယ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၃၀ ၇။ မိုးလေဝသအခြေအနေ
၆:၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၄၅ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၁၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **စူပါမင်းနှင့်မာနရှင်** (အပိုင်း-၈)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နလုံးသားပိုင်ရှင်** (အပိုင်း-၂)
၁၅။ အစီအစဉ်ပြီး၏။

ဒဂုံမြို့နယ် အလက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ဒဂုံ အလက(၂) (ယခင် မင်းမနိုင်အစိုးရအလယ်တန်းကျောင်း)၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့်ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အလက(၂)ဒဂုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေထည့်ဝင်လိုသူများ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး(မိဘရိပ်) ဖုန်း-၀၉-၅၅၅၁၅၅၅၊ ၀၉-၈၆၁၂၃၄၅၊ ၅၉၀၅၉၀၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ဒေါ်ခင်စုစုကြည် ဖုန်း-၀၉-၅၀-၆၃၉၈၉၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃၊ ကိုသန်းဝင်း ဖုန်း-၀၉-၅၁-၉၇၇၈၂၁၊ ဒေါက်တာ အောင်မင်းသူ ဖုန်း-၀၉-၉၉၂၈၉၉၃၊ ဗိုလ်စစ်နိုင်ဦး ဖုန်း-၀၉-၅၁-၇၆၈၂၉၁၊ ကိုတင်အေး ဖုန်း-၃၉၅၁၈၇၊ ကိုလင်းလင်း ဖုန်း-၀၉-၅၀-၃၅၂၆၉နှင့် ကိုခင်မောင်သန်း ဖုန်း-၀၉-၈၀၃၂၅၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၇

ဦးသန်းစော (GM-မြန်မာ့သစ်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးကိုကြီး (Global Veneer Co., Ltd.)၊ ဦးသီဟ (မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းအောင် (New Brother Ltd.)တို့နှင့်အတူ နိုဝင်ဘာ၁၅ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No.(4) ဘောလုံးကို Maruman Metabio Iron No.(7) သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၁ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၇

စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာရင်းကောင်စီနှင့်မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ အတွင်းရေးမှူးဦးသိန်းမြင့်က လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော Code of ethics for professional accountants' ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို နိုဝင်ဘာ၂၃ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) စည်ပင်လမ်းသစ်(ရန်ကင်းစင်တာအနောက်ဘက်) ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် နိုဝင်ဘာ၁၉ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း ၁၅နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား ပြပွဲ၊ ပြိုင်ပွဲများဖြင့် စည်ကားစွာ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

၁၉၉၃ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းသည် ယခု ၂၀၀၈ခုနှစ်တွင် ၁၅နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ၁၅နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း၌ ပြပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်လျက်ရှိသည်။

အဆိုပါ ပွဲတော်ရက်အတွင်း ဇန်နဝါရီ ၃၀ရက်တွင် ပန်းချီပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲ၊ မြေယာရှုခင်းပြုပြင်ခြင်းပြိုင်ပွဲနှင့်အတူ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၃၁ရက်တွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲနှင့် သစ်သီးအလှပြုပြင်ခြင်းပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၁ရက်တွင် အပွင့်ပန်း၊ ရာသီပန်း၊ နှင်းဆီပန်း၊ ပိန်းပန်း၊ ဟင်းသီး၊ သစ်သီးဝလံ၊ ရာသီပင်(အသီးပါအပင်)၊ နှစ်ရှည်ပင် (အသီးပါအပင်)နှင့် ကျောက်ခက်စသည်တို့ပါဝင်ယှဉ်ပြိုင်နိုင်မည့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ကြည့်ရှုနိုင်

ဖေဖော်ဝါရီ ၂ရက်တွင် ပန်းဧကရီအလှမယ်ပြိုင်ပွဲ၊ ပန်းအလှပြုပြင်မှုသရုပ်ပြခြင်း၊ သစ်သီးအလှပြုပြင်မှု သရုပ်ပြခြင်းတို့ကို လေ့လာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၃ရက် ပွဲတော်ရက်နောက်ဆုံးနေ့တွင် ဓာတ်ပုံပြိုင်ပွဲနှင့် မြေယာရှုခင်းပြုပြင်ခြင်းပြိုင်ပွဲတို့၌ ဆုရရှိသူများကို ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း စာတမ်းဖတ်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများ၌လည်း ပါဝင်ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။

စုံစမ်းနိုင်

ထို့ပြင် ပျိုးပင်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များကိုလည်း စည်ကားစွာဖွင့်လှစ်ထားမည်ဖြစ်ရာ ဆိုင်ခန်းများဖွင့်လှစ်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၁၇၃)

ရန်ကုန်တောင်ပိုင်းခရိုင် ထူးချွန်ကျောင်းသားအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စက်ဘီးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံ့တေးမြို့နယ်များရှိ ကျေးရွာများတွင်နေထိုင်သော ပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးများ ထောက်ပံ့ခြင်းနှင့် ကွမ်းခြံကုန်းမြို့နယ်မှ လေဘေးသင့် အိမ်ထောင်စုဝင် မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ရက် နံနက်၁၀နာရီက ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားပြီး သွားလာမှုခက်ခဲသည့် ကျေးရွာများတွင် နေထိုင်သော ပညာထူးချွန်သည့် ကျောင်းသားကျောင်းသူများအား စက်ဘီးနှင့် လေဘေးသင့် အိမ်ထောင်စုဝင် မိသားစုများအား ထောက်ပံ့ပစ္စည်းများကို လက်ဝယ်အရောက် ထောက်ပံ့ ပေးအပ်သည်။ **(အပေါ်ပုံ)** ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ကွမ်းခြံကုန်းမြို့နယ် တောင်ပိုင်းရပ်ကွက်သို့သွားရောက်၍ လေဘေးသင့် အိမ်ထောင်စုဝင် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်အစည်းအဝေးခန်းမ၌ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ အသင်း၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များ ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့သည်။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ စက်ဘီး၉၅စီး၊ အဝတ်အထည်မျိုးစုံ ၃၅၆ထည် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၃၀ကျော်တန်ဖိုးရှိ ပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ဖျာပုံ နိုဝင်ဘာ ၁၇

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက ဖျာပုံမြို့ အထက(၁)၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်သန်း(ငြိမ်း)တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းကဗျာပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော စာရေးဆရာမသတင်းထောက် မသူဇာနွယ်(သူဇာနွယ်-ဖျာပုံ) **(ဝဲပုံ)** အား လည်းကောင်း၊ ဖျာပုံမြို့နယ်တွင် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများနှင့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။ (၁၃၈)

လက်ပံတန်းမြို့နယ်အသင်း ရွှေရတုသဘင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် (၃၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ(IBC)၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့ရောက် လက်ပံတန်းမြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ တက်ရောက်ပါရန်၊ အသက် ၇၅နှစ်နှင့်အထက် လက်ပံတန်းမြို့နယ်သူ မြို့နယ်သားအဘိုးအဘွားများ ကန်တော့ခံကြွရောက်ပါရန်နှင့် ၂၀၀၇ခုနှစ်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်နိုင်ရန်အတွက် ဦးသောင်းကြည် ဖုန်း-၅၀၁၇၃၆၊ ဦးစိုးလှိုင် ဖုန်း-၆၆၆၇၈၆၊ ဦးထွန်းကြည် ဖုန်း-၃၉၅၀၀၈၊ ဦးသာလွင် ဖုန်း-၅၄၄၂၇၃၊ ၅၄၄၇၈၀၊ ဦးစိန်မောင်ဝင်း ဖုန်း-၅၉၃၉၉၇နှင့် ဦးအောင်သိန်း ဖုန်း-၅၄၆၄၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်ဘီ အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၇

အထက(၂)မော်ဘီ(ယခင်တပ်မတော်ကျောင်း)တွင် (၁၉၆၆-၁၉၆၇)ခုနှစ်မှ (၁၉၇၄-၁၉၇၅)ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြ ဆရာ၊ ဆရာမကြီးများနှင့် (၁၉၇၅-၁၉၇၆)ခုနှစ်မှ (၁၉၇၉-၁၉၈၀)ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မော်ဘီ အထက(၂)မေတ္တာရောင်ခြည်ခန်းမ၌၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၀ရက်(တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာစရိယပူဇော်ပွဲသို့ ဖော်ပြပါ ဆရာ၊ ဆရာမကြီးများထံတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများအနေဖြင့် မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းမှုပြုနိုင်ရန် ဒေါက်တာစောကလယ်ခု ဖုန်း-၀၉-၅၁-၆၅၈၁၄၊ ၆၉၉၁၄၅၊ ဦးမြသန်းထိုက် ဖုန်း-၀၉-၅၀-၀၁၀၂၆၊ ဒေါ်ခင်မြတ်မူ၊ ဒေါ်ခင်မြတ်သူ၊ ဒေါ်စုစုထွေး ဖုန်း-၆၆၁၉၀၃၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁-၆၂၈၇၂၊ ဒေါက်တာ သီဟကျော် ဖုန်း-၀၉-၅၁-၅၃၆၈၇၊ ဒေါ်အေးအေးစိုး ဖုန်း-၆၂၀၈၈၁၊ ဦးကာကျော် ဖုန်း-၃၈၁၈၅၃နှင့် ဦးကျော်မင်း ဖုန်း-၆၂၀၅၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စမ်းသပ်မျိုးစပါးများ ရိတ်သိမ်းခြွေလှေ့ပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် နိုဝင်ဘာ ၇ရက် နံနက်ပိုင်းက စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ပြည်နယ် စိုက်ပျိုးရေးပညာပေးစခန်း၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းသွယ်လတ် စံပြစပါးစိုက်ကွက် ၁၀ ဧကနှင့် စမ်းသပ်မျိုးစပါးများ ရိတ်သိမ်းခြွေလှေ့ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် စစ်တွေမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေကူစည်ပင် စက်ရေတွင်း တည်ဆောက်

ရွှေကူ နိုဝင်ဘာ ၁၇

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော အမှတ်(၂)ရပ်ကွက် နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေကို အောက်တိုဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းနိုင်က ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ထို့နောက် အမှုဆောင်အရာရှိက ရေစက်မောင်းနှင်မှု၊ရေထွက်နှုန်းနှင့်ရေအရည်အသွေး တိုင်းတာစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့၌ သောက်သုံးရေဖြန့်ဝေမှု ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအုပ်စုရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်း ဆည်ပေါက်ရေကန်၌ မြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်ချိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး ချိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ စာကြည့်တိုက် ဖွင့်လှစ်ထားသည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် စိတ္တိန်းကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာဆရာမများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများထံ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် ကမ်းဖြူကျေးရွာအုပ်စုသို့ရောက်ရှိ၍ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(အကြီးတန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် မီးရထား အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လင်းတို့က ပြိုင်ပွဲဝင်မည့် လှိုင်သာယာမြို့နယ် ဘောလုံးအသင်းနှင့်မင်္ဂလာဒုံမြို့နယ်ဘောလုံးအသင်းအား တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ပါဝင်

ပွဲစဉ်(၁)အဖြစ် လှိုင်သာယာအသင်းနှင့် မင်္ဂလာဒုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လှိုင်သာယာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(ခရိုင် ပြန်/ဆက်)

စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနား မရမ်းကုန်းမြို့နယ်တွင်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟို၏ ဦးဆောင်မှု၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက စန္ဒိမာခန်းမ အထက(၁) မရမ်းကုန်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မင်းဟန်(ငြိမ်း)က စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း၊ လမ်းမတော်)**(အောက်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်- မရမ်းကုန်း)တို့က အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် အတွင်းရေးမှူး ဦးထင်ကျော်မိုး(မြေလတ်-ထင်ကျော်မိုး)က စာဆိုတော်နေ့နှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖြစ်ပေါ်လာပုံစာတမ်းကို ဖတ်ကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)က ရှေးစာဆိုတို့၏ ကျေးဇူး၊ မြန်မာစာပေတို့၏ ကျေးဇူးတို့နှင့် ပတ်သက်၍ ဟောပြောသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

(၁၁၁)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရေဇွာမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာတမ်းဖတ်ပွဲကျင်းပ

ချင်းပြည်နယ်တောင်ပိုင်း ရေဇွာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၇ရက် နံနက်က ဝန်ထမ်းများ စာတမ်းဖတ်ပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဟန်ထန်းက စာတမ်းဖတ်ပွဲ ရည်ရွယ်ချက်ရှင်းလင်းပြီး စာတမ်းများကို ဝန်ထမ်းအသီးသီးက ဖတ်ကြားဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ ဆက်)

မချမ်းဘောအထက ပညာရည်ချွန်ဆုချီးမြှင့်

မချမ်းဘောမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမဆောင်၌ အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့နယ်၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့ပြနှင့် ကျေးလက်ရေပေးရေး လုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်က ပွင့်ဖြူကျေးရွာ၌ နှစ်လက်မ ရေပိုက်လိုင်း ပေအရှည် တိုးချဲ့သွယ်တန်းမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။

(၀၀၁)

ကောလင်းစာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၇ ရက်က အဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က စာပေလုပ်ငန်းဆိုင်ရာများ ဟောပြောဆွေးနွေးသည်။

(၀၃၂)

စာဖတ်ရှိန်မြှင့်တင်ရေး ဟုမ္မလင်း၌ ဟောပြော

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ တောင်ပေါ်ကွက်သစ် နန့်ဖွတ်မော် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ထားသည့် ရှစ်မျက်နှာဘုရားဓမ္မာရုံ၌ နိုဝင်ဘာ ၈ရက် ညနေ ၄နာရီက စာဖတ်ရှိန်မြှင့်မားရေး ဟောပြောပွဲအခမ်းအနား ကျင်းပခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူ၌ စာကြည့်တိုက်များခိုင်မာရေး ဆွေးနွေး

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးသည် မြို့နယ်အတွင်းရှိ ဥယျာဉ်ကျစ်၊ ရှောက်တော၊ ရွှေဘိုရွာသစ်၊ ရွှေဘိုရွာမ၊ သစ်ချိုကုန်း၊မကျီးကုန်း၊ မင်းရွာ၊ ဇီးတောနှင့်ကျောင်းစုကျေးရွာများသို့ အောက်တိုဘာ ၁၈ ရက်က သွားရောက်ပြီး စာပေအကျိုးကျေးဇူးနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရေးနှင့် မြေနေရာရရှိရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးသီးမြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်

ကျေးသီးမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အောက်တိုဘာ ၁၈ရက် နံနက် ၈နာရီက ကျေးသီး၊ မိုင်းနောင် လမ်းဘေးဝဲယာတွင် ချုံနွယ်ပင်များ စုပေါင်းရှင်းလင်းဆောင်ရွက်မှု အခြေအနေများကို နယ်မြေခံတပ်ရင်းမှူး ကြီးကြပ်၍ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်သားမြို့နယ် ရွှေစံချိန်စာကြည့်တိုက်အဆောက်အအုံဖွင့်

မြစ်သားမြို့နယ် ခရုတုတ်အုပ်စု ရွှေလောင်းကျေးရွာ ရွှေစံချိန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ရေဒီယို၊ စာအုပ်စာစောင်၊ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်ပြပွဲကျင်းပ

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ရက် မွန်းတည့် ၁၂ နာရီက သရောင်းစံပြကျေးရွာ အလကကျောင်းခွဲ၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ကြီးမြို့ စည်ပင်သာယာရေးဆောင်ရွက်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်သည် အောက်တိုဘာ ၃၀ ရက်က ကျောက်ကြီးမြို့မရပ်ကွက်များနှင့် မြို့သစ်သို့ ကွင်းဆင်းပြီး လမ်းများ၊ တံတားများ၊ ရေဆင်းမြောင်းများ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စည်ပင်သာယာရေးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

(၀၄၅)

သစ်သီးဖျော်ရည်နှင့်ယိုစုံ သင်တန်းဖွင့်

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည် ရုံးခွဲ(မန္တလေး)က ကြီးမှူး၍ သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုစုံ သင်တန်း(၁၄) ၃/၂၀၀၈ ဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က ၈၃လမ်း ကူးသန်းရောင်းဝယ်ရေးကျောင်းတွင် ကျင်းပခဲ့သည်။

(၀၉၀)

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊

★ အမျိုးသားပညာရည်မြင့်မားရေး၊

★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊

(၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၂-၁၁-၂၀၀၈)

■ ကျောဖုံးမှ

စီစဉ်ဆောင်ရွက်

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု သတင်းကောင်းများ ရေးသားတင်ပြရန် မြိတ်မြို့သို့ ရောက်ရှိနေသည်။ သတင်းအဖွဲ့အား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းဝင်းက တိုင်းတစ်ခွင် ဖွံ့ဖြိုးတိုးတက်လာသည့် ရေးသင့်ရေးထိုက်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ စီစဉ်ကူညီဆောင်ရွက်ပေးခဲ့သည်။

"ဒီရေမှော်ပင်စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး ဒေသမှာရှိတဲ့ ရေလုပ်ငန်းရှင်တွေ စိုက်ပျိုးချင်တယ်ဆိုရင် နည်းပညာနဲ့ ပျိုးပင်တွေ အခမဲ့ဖြန့်ဝေပေးပါမယ်"

ဦးကျားမောင်
ကျော်ကျော်ဖြိုးကုမ္ပဏီဥက္ကဋ္ဌ

အလားတူ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်၊ ခရိုင်အတွင်းရေးမှူး ဦးညွန့်ကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေတို့က မြန်မာ့အလင်းသတင်းအဖွဲ့အား တွေ့ဆုံကာ မြိတ်ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရေးသားဖော်ပြနိုင်ရန် သက်ဆိုင်ရာဌာနများ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံ ချိတ်ဆက်ပေးခဲ့သည်။

နိုင်ငံခြားငွေ

ယင်းသို့စီစဉ်ပေးမှုကြောင့်သတင်းအဖွဲ့သည် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်မည့် ကျော်ကျော်ဖြိုး ကုမ္ပဏီ၏ ရေမှော်ပင် စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းခွင်သို့သွားရောက်လေ့လာခွင့်ရခဲ့သည်။ ယင်းရေမှော်ပင် စိုက်ပျိုးရေးလုပ်ငန်းသည် မြိတ်ခရိုင်ကျွန်းစုမြို့နယ်အတွင်း ပန်လုံအော် (ဒိုမယ်ကျွန်း)၌တည်ရှိသည်။ မြိတ်မြို့ ဆိပ်ကမ်းမှ ပန်လုံအော်သို့ စက်လှေဖြင့် သွားရောက်ခဲ့ရသည်။ အချိန်အားဖြင့် ငါးနာရီ၊ ခြောက်နာရီကြာသွားရသည်။

ဒိုမယ်ကျွန်းသို့ ရောက်သည်ဆိုလျှင်ပင် ကျော်ကျော်ဖြိုး ကုမ္ပဏီမှ ဆောင်ရွက် လုပ်ကိုင်နေသော ရေမှော်ပင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်မြင်ကွင်းကိုတွေ့ရသည်။ ယင်းရေမှော်ပင်သည်ပင်လယ်သမုဒ္ဒရာများအတွင်းသဘာဝအလျောက်တွေ့ရသော ရေမှော်ပင် မဟုတ်ပါ။ အင်္ဂလိပ်လို Seaweed ဟု ခေါ်သည်။တနင်္သာရီဖိုးအလွန်ကြီးမားပြီးဒေါ်လာဖြင့်ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချနိုင်သော ရေမှော်ပင်ဖြစ်ကြောင်း သိရသည်။ ယင်းရေမှော်ပင်ကိုမိတ်ကပ်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သဖြင့် ပြည်ပဈေးကွက်ဝယ်လိုအားကောင်းနေသော ကုန်ကြမ်းပစ္စည်းတစ်မျိုး ဖြစ်သည်။

စိုက်ပျိုးရက်

ကျော်ကျော်ဖြိုး ကုမ္ပဏီဥက္ကဋ္ဌ ဦးကျားမောင်က "ကျွန်တော်တို့စိုက်ပျိုးထားတဲ့ ရေမှော်ပင်ကို World Mission အဖွဲ့မှ ဂျပန်နိုင်ငံသားမစ္စတာအိုနာက ပေးခဲ့တာပါ၊ သူပေးတုန်းက ကျွန်တော့်မှာ တစ်ကီလိုအလေးချိန်ရှိတဲ့ ရေမှော်ပင်တစ်ပင်တည်းပါ၊ ဒီရေမှော်ပင်ကိုလေးလက်မအရွယ်အပိုင်းလေးတွေ ပိုင်းလိုက်တာ အပင် ၂၀ရပါတယ်။ ဒီအပင် ၂၀ကို ကျွန်းစုမြို့နယ် ပန်လုံအော်မှာ စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်၊ ဒီအပင် ၂၀ဟာ ၄၅ရက် စိုက်ပျိုးရက်ကြာတဲ့အခါမှာ တစ်ပင်လျှင်သုံးကီလိုအလေးချိန်ရှိတဲ့ အထုပ်ပေါင်း၂၀ရရှိပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဆိုပါ ရေမှော်စိုက်ပျိုးပုံနှင့်ပတ်သက်ပြီး ဦးကျားမောင်က ဆက်လက်ရှင်းပြသည်။ မီတာ ၅၀ ရှည်သော လက်သန်းလုံးခန့်အရွယ် နိုင်လွန်ကြိုးတစ်ချောင်းကို တန်းလိုက်ပြီး လေးလက်မအရွယ်ဖြတ်တောက်ထားသည့် ရေမှော်ပင်များကို၁၀စင်တီမီတာစီခြား၍ တန်းလန်းချပြီး ချည်ထားရမည်ဖြစ်သည်။ တန်းထားသောနိုင်လွန်ကြိုးနှင့် ချည်နှောင်ထားသော ရေမှော်ပျိုးပင်နှင့် အကွာအဝေးမှာ သုံးမီတာရှိရန် လိုအပ်သည်။

ကျောက်ချစိုက်ပျိုး

မီတာ ၅၀ရှည်သော ရေမှော်ပင်ပျိုးပင်တန်းကို ပင်လယ်ရေနပ်ပိုင်းလှိုင်းငြိမ်သည့်ပင်လယ်အော်မှာ ကျောက်ချစိုက်ပျိုးရမည်ဖြစ်သည်။ ယင်းမီတာ ၅၀ ရှည်သော ရေမှော်ပျိုးပင်တန်းကို ရေပေါ်ဖော့သီးလုံးများဖြင့် ဆိုင်းထားရမည်ဖြစ်သည်။ ယင်းပျိုးပင်တန်းကို တစ်ဖက်တစ်ချက်စီတွင် ကျောက်ချကြိုးများချည်၍ အောက်ကြမ်းပြင်သို့ ခဲများဆွဲချခြင်းဖြင့် ကျောက်ချထားရမည်ဖြစ်သည်။ ယင်းရေမှော်ပျိုးပင်တန်းကိုရေလုပ်သားတစ်ဦးကသုံးရက်လျှင် တစ်ကြိမ်ခန့် ရေထဲမှ ဖော်ကြည့်ပြီး လိုအပ်သည်များ ပြုပြင်ပေးရသည်။ ယင်းရေမှော်ပျိုးပင်များကို ငါးများက မကြာခဏ စားလေ့ရှိသည်။ ငါးများစားသွား၍ ထပ်မံ၍ လေးလက်မအရွယ် ပျိုးပင်ကို ချည်နှောင်ပေးရမည်ဖြစ်သည်။ မီတာ ၅၀ ရှည်သော ပျိုးပင်ကြိုးတန်း တစ်တန်းလျှင် အပင် ၁၅၀အထိ စိုက်ပျိုးနိုင်ကြောင်းသိရသည်။ ပျိုးပင်သက်တမ်း ၄၅ရက်နှင့် ရက်၅၀အကြား ရှိသောအခါ တစ်ပင်လျှင် ၃ကီလိုရှိသည့်အပင်အထုပ်များ ရရှိသည်။

ယင်းအထုပ်ကြီးများမှ အနများကို ဖယ်ရှား၍ ပျိုးပင်အဖြစ် ပြန်စိုက်ပျိုးသည်။ အရင့်များကို နေပြင်းပြင်း တစ်နေ့ ရှစ်နာရီကြာနေလှန်းပေးရသည်။ ယင်းပင်လယ် ရေမှော်အပင် အထုပ်များကို ရေချိုထိ၍မရ။ ရေချိုထိလျှင် အရောင်မည်းသွားတတ်သည်။ရေငန်မှ ဆယ်ယူပြီး နေလှန်းပေးရသည်။ ယင်းရေမှော်ပင်သည် ရေချိုတွင် စိုက်ပျိုး၍မရ။ ရေငန်တွင်သာ စိုက်ရပြီးပင်လယ်ရေအငန်ဓာတ် ၂၈ဒီဂရီ အနည်းဆုံးရှိရမည်ဖြစ်သည်။

ဗီတာမင်အီးပါဝင်

နေလှန်းသည့် ရေမှော်ပင်များ ခြောက်သွေ့မှုကောင်းစေရန် ပလတ်စတစ်များ ဖုံး၍ လှမ်းပေးရသည်။ အပူဓာတ် ပိုရရန်ဖြစ်သည်။ ရေမှော်ပင်များသည် ပင်လယ်ရေတွင် တန်းချစိုက်ပျိုးထားရာမှ ဆယ်ယူလိုက်သည့်အခါ အစိမ်းရောင်များ ဖြစ်သည်ကို တွေ့ရသည်။ ယင်းကို နေခြောက်သွေ့အောင်လှန်းပြီးသည့်အခါ အမြင်အားဖြင့် ခေါက်ဆွဲခြောက်များသဖွယ်အဖြူရောင် အခွေအလိပ်လေးများကို တွေ့ရသည်။ စားကြည့်လျှင် ငန်ကျိကျိအရသာရှိသည်။ ယင်းရေမှော်ပင်အခြောက်များသည် ဗီတာမင်အီးဓာတ်အများဆုံး ပါဝင်သဖြင့် မိတ်ကပ်နှင့် အလှဆီများ၊ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင်ကုန်ကြမ်းအဖြစ်အသုံးပြုလာသည်။ နိုင်ငံတကာဈေးကွက်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ၂၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ခေါက်ဆွဲခြောက်အဖြူရောင်အလိပ်ကလေးများနှင့်တူသော နေလှန်းပြီး ရေမှော်ပင်ခြောက်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ကျော်ကျော်ဖြိုး ကုမ္ပဏီအနေဖြင့် ယင်းပင်လယ်ရေမှော်ပင်ကို စီးပွားဖြစ်မြန်မာနိုင်ငံတွင် ပထမဦးဆုံး စိုက်ပျိုးသည့် ကုမ္ပဏီ ဖြစ်သည်။ ၂၀၀၈ ခုနှစ်အတွင်း ယင်းစိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ အပင်တန်း ၆၀၀ စိုက်ထားသည်။ ထို့အပြင် ပင်လယ်ရေမှော်ပင်အခြောက် ခုနစ်တန်ကျော်ကိုလည်း ထုပ်ပိုးထားနိုင်ပြီ ဖြစ်သည်။ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဟု ကြားသိရသည်။

ပင်လယ်ရေတွင် ၄၅ရက်အကြာ တန်းချစိုက်ပျိုးထားသော ပင်လယ်ရေမှော်ပင်များကို ဤကဲ့သို့ ဆွတ်ခူးကြရသည်။ (မြန်မာ့အလင်း)

ယင်းကုမ္ပဏီက ၂၀၀၈-၂၀၀၉ ရာသီအတွင်း မြိတ်ဒေသရှိ မုံအော်ကျွန်းနှင့် ပြင်စဘုကျွန်းတို့၌ ထပ်မံလုပ်ငန်းတိုးချဲ့ကာ ပင်လယ်ရေမှော်ပင်များ အမြောက်အမြား စီးပွားဖြစ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားဖြစ်လုပ်ကိုင်

အဆိုပါပင်လယ်ရေမှော်ပင်များကို အများဆုံး စိုက်ပျိုးသည့်နိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံ ဖြစ်သည်။အရင်းအနှီးနည်းပြီး စီးပွားဖြစ်လုပ်ကိုင်နိုင်မှုကြောင့် ယခုအခါ အာဆီယံနိုင်ငံများဖြစ်ကြသောဗီယက်နမ်၊မလေးရှားနှင့်ဘရူနိုင်းနိုင်ငံများကလည်း အကြီးအကျယ် စိုက်ပျိုးလာကြပြီဟု သိရသည်။

"ဒီရေမှော်ပင်စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ဒေသမှာရှိတဲ့ ရေလုပ်ငန်းရှင်တွေအနေနဲ့ စိုက်ပျိုးသွားချင်တယ်ဆိုရင် နည်းပညာနဲ့ ပျိုးပင်တွေအခမဲ့ဖြန့်ဝေပေးပါမယ်။

ဒါ့အပြင် ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ မြိတ်ခရိုင် ပန်လုံအော် ဒေသမှာ ပင်လယ်ရေမှော်စိုက်ပျိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ဖို့ ရှိပါတယ်၊ ဒီဒေသမှာ ကုန်ချောထုတ်လုပ်နိုင်တဲ့ စက်ရုံကြီးတစ်ရုံလည်း တည်ဖို့ရှိပါတယ်" ဟု ဦးကျားမောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

အခွင့်အလမ်း

သို့ဖြစ်ရာ ပင်လယ်ရေမှော်ပင်စိုက်ပျိုးခြင်းဖြင့် ပင်လယ်ရေလုပ်ငန်းလုပ်ကိုင် ကြသူများသည် အရင်းအနှီးနည်းနည်း စိုက်ထည့်ပြီး ကြီးပွားနိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် လုပ်ကိုင်နိုင်ပြီ ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ နေကြာပွင့် ဓာတ်မြေသြဇာ စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

❒ ရှေ့ဖုံးမှ

ကြိုးစားဆောင်ရွက်

စက်မှုဇုန်တာဝန်ခံဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံခြားငွေ အကုန်အကျခံပြီး ဤစက်မှုစက်ရုံကို မတည်ရင်းနှီးတည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ဒေသခံစက်မှုလုပ်ငန်းရှင်များကလည်း အစုရှယ်ယာများ ထည့်ဝင်ရင်းနှီးထားကြကြောင်း၊ သို့ဖြစ်၍ ငွေကြေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲသွားကြရန်လိုကြောင်း၊ စစ်ဆေးအတည်ပြုပြီး ငွေစာရင်းများကိုလည်း ဖုန်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသို့ တင်ပြရန်လိုအပ်ကြောင်း၊ စက်မှုဇုန်ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သံရည်ကျိုစက်ရုံ အမှုဆောင်ဒါရိုက်တာများနှင့် စက်မှုဇုန်တာဝန်ရှိသူများက တင်ပြဆွေးနွေးကြရာ စက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် အေးသာယာစက်မှုဇုန်အတွင်းရှိ အောင်မြင်ရှမ်းစတား မော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသို့လည်းကောင်း၊ တောင်ကြီးဂျစ် မော်တော်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်တစ်စီးအတွက် အလုပ်ရုံတစ်ခုတည်းတွင် အစအဆုံးတပ်ဆင်ထုတ်လုပ်နိုင်သည့်လုပ်ငန်းစဉ်(Process) ကို ဆောင်ရွက်သွားနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရန် ညွှန်ကြားသည်။

အရည်အသွေး

ဆက်လက်၍ သိန်းမင်း သဘာဝမြေသြဇာထုတ်လုပ်ရေးအလုပ်ရုံနှင့် နေကြာပွင့် ဓာတ်မြေသြဇာထုတ်လုပ်ရေး အလုပ်ရုံ စက်အစိတ်အပိုင်းများ တပ်ဆင်နေသော Genius Group ကုမ္ပဏီ၏ ခနောက်စိမ်းသတ္တုသန့်စင်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ကုန်ထုတ်ပစ္စည်းများ အရည်အသွေး ပြည့်မီကောင်းမွန်ရေးအတွက် ကြိုးစားထုတ်လုပ်ဆောင်ရွက် သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကြီးကောလိပ် ကျောင်းသားကျောင်းသူများ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ၂၇ရက် (စနေနေ့) နံနက်၉နာရီတွင် ရန်ကုန် YMCAခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

ဆက်သွယ်လှူဒါန်း

အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၃၇၄၈၅၀၊ ၀၉-၅၀-၄၆၈၉၉၊ ဒေါက်တာသာညဏ် ဖုန်း-၂၉၄၁၂၈၊၂၉၄၁၀၉၊ ၂၉၆၄၃၅၊ ဦးခင်မောင် ဖုန်း-၀၉-၅၀- ၅၄၀၁၄၊ စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဦးအောင်မွန် (နေပြည်တော်လယ်ဝေး) ဖုန်း-၀၆၇-၃၀၂၇၇၊ လီယို ဖုန်း-၀၉-၅၀-၁၁၃၉၂၊ စိုင်းဇော်မင်း (ကျိုင်းတုံ) ဖုန်း-၀၈၄-၂၁၅၇၁၊ ၀၉-၅၂-၅၀၁၂၁၊ ဒေါ်စွမ် ဖုန်း-၂၂၃၂၅၊ ၂၂၃၇၁၈၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ၅၂၆၂၃၆၊ ဒေါ်မေကြင် ဖုန်း-၂၉၅၆၃၈၊ ၂၁၀၉၈၇၊ ဦးအောင်မြင့်(ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ ဦးမောင်မောင်လေး ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဦးခင်မောင်ဆွေ ဖုန်း-၂၉၆၇၉၃၊ ၀၉-၅၁-၁၂၄၅၀၊ Melvin ကျော်သက် ဖုန်း-၀၉-၉၉-၂၅၂၉၉၊ စိုင်းသိန်းထွေး(ကျောက်မဲ)ဖုန်း-၀၆၇-၂၂၀၇၄၊ ဒေါ်နန်းညွန့်တင်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၃၁၃၄၊ ဦးဝင်းလွင်-ဒေါ်မီမီချမ်း (တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်စပ်သီတာ ထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၀၉-၅၁-၅၃၇၈၇၊ ၅၃၈၇၄၁၊ ဒေါ်စိန်စိန်မြင့် (ကျောက်မဲ) ဖုန်း-၀၈၂-၄၀၂၁၀၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်တင်တင်နွဲ့(လွိုင်ကော်) ဖုန်း-၂၅၂၉၂၊ ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဦးတင့်ရှိန် ဖုန်း-၆၈၀၄၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက စီစဉ်ကြီးကြပ်၍ အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းကို အထက(၂) စမ်းချောင်းတွင် နိုဝင်ဘာ၂၃ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ၂၅ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက်၈နာရီမှ ၁၀နာရီအထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူနှင့်အထက် အားလုံး လျှောက်ထားနိုင်ပြီး သင်တန်းဝင်ခွင့်ပုံစံများကို နိုဝင်ဘာ၂၀ရက်မှ ၂၂ရက်အထိ အထက(၂) စမ်းချောင်း၌ လျှောက်ထားနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၅၃၅၄၉၇သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထို့ကြောင့် ယခင်က မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ကျော်သာရှိနေရာမှ ယခုအခါ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၉၀၀ခန့် အထိ ဖြစ်တည်လျက်ရှိနေပြီး ဆက်လက်အကောင်အထည်ဖော်လျက်ရှိသော ရေအားလျှပ်စစ်ဓာတ်အားပေး အထူးစီမံကိန်းစက်ရုံအများစုမှာလည်း မကြာမီ နှစ်များအတွင်း ပြီးစီးတော့မည်ဖြစ်သည်။

အရှိန်အဟုန်ဖြင့် တည်ဆောက်

ထိုရေအားလျှပ်စစ်စက်ရုံကြီးများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးရှိ ပြည်သူများနှင့် စက်မှုဇုန်များတို့သို့ လျှပ်စစ်ဓာတ်အား အရောက်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကိုခံယူ၍ မဟာဓာတ်အားလိုင်းကြီးများနှင့် ပင်မဓာတ်အားခွဲရုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။

တည်ဆောက်ဆဲ စီမံကိန်းများ

ယခုအခါ ၁၃၂ကေဗွီ တံခွန်တိုင်-ပြင်ဦးလွင် မဟာဓာတ်အားလိုင်းမှ ရတနာပုံမြို့သစ် ပင်မဓာတ်အားခွဲရုံအဝင်လိုင်းစီမံကိန်း၊ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းမှပင် ရွှေစာရံဓာတ်အားခွဲရုံ အဝင်အထွက် လိုင်းစီမံကိန်း၊ ၁၃၂မုန်းခြောက် မဟာဓာတ်အားလိုင်းစီမံကိန်း၊ကေဗွီ၂၃၀ နေပြည်တော် ပျဉ်းမနား-တောင်ငူ မဟာဓာတ်အားလိုင်းမှ သဲဖြူပင် ဓာတ်အားခွဲရုံ အဝင် အထွက်လိုင်းစီမံကိန်း၊ လှိုင်သာယာ-အသုတ် ကေဗွီ ၂၃၀ မဟာဓာတ်အား လိုင်း၊ ဧရာဝတီမြစ်ကျော် (ကဇင်းတော) တာဝါတိုင်ပြောင်းရွှေ့တည်ဆောက် ခြင်း စီမံကိန်းနှင့် ကေဗွီ၂၃၀၊ နေပြည်တော်ပျဉ်းမနား-တောင်တွင်းကြီး မဟာဓာတ်အားလိုင်းမှ နေပြည်တော် ပင်မဓာတ်အားခွဲရုံ အဝင်အထွက်လိုင်း၊ စီမံကိန်းနှင့် ပင်မဓာတ်အားခွဲရုံများအဖြစ် ၁၃၂/၃၃/၁၁ကေဗွီ၊ ၁၈ အမ်ဗွီအေ ရတနာပုံမြို့သစ် ပင်မဓာတ်အားခွဲရုံ စီမံကိန်းတို့ကို တည်ဆောက်ပြီးဖြစ်သည်။

နည်းလမ်းအသွယ်သွယ်

ထိုသို့မဖြစ်ပေါ်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်မြို့တွင်းမှ သံရည်ကျိုစက်မှုလုပ်ငန်းကြီးများကို စက်မှုဇုန်များပြုလုပ်၍ မြောင်းတကာသို့ ရွှေ့ပြောင်းခဲ့ပြီး လျှပ်စစ်ဓာတ်အားများကိုလည်း ပြည်သူသုံးနှင့် စက်မှုသုံးဟူ၍ ခွဲခြားအသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနသည် လျှပ်စစ်ဓာတ်အားများ ပိုမိုရရှိနိုင်ရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပဲခူး ကမာနတ်မှ မြောင်းတကာအထိ မိုင်၄၀ကို ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းတည်ဆောက်ရာ၌ပါဝင်ခဲ့ကြသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)၊ (မြောက်ပိုင်း)တို့မှ အင်ဂျင်နီယာနှင့် ဝန်ထမ်းလျှပ်စစ်လုပ်သားကြီးများ၊ ပါရမီ၊ စေပိုင်နှင့် DEL Co., Ltd. တို့မှ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသွားသည်။

ကျော်ဖြတ်ဆောင်ရွက်

၂၃၀ ကေဗွီ ကမာနတ်-မြောင်းတကာ မဟာဓာတ်အားလိုင်း မိုင်၄၀ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ တာဝန်ယူပြီး ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)မှ အင်ဂျင်နီယာနှင့် လျှပ်စစ်လုပ်သားကြီးများ၊ပါရမီကုမ္ပဏီ၊စေပိုင်ကုမ္ပဏီနှင့် DEL Co., Ltd. တို့မှ ပူးပေါင်းပါဝင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းမိုင် ၄၀ အတွင်း တာဝါတိုင် ၁၈၆ တိုင်၊ ဓာတ်အားလိုင်း အမျိုးအစားမှာ 230.KV.Twin Bundle. Single. Circuit. Transmission. Line ဖြစ်ပြီး ဓာတ်အား လိုင်းကြိုးမှာ ACSR 650 MCM ဖြစ်သည်။စီမံကိန်းလုပ်ငန်းကို၂၇-၁-၂၀၀၈ ရက်မှ စတင်ခဲ့ပြီး မိုးရာသီတွင်ပါ လုပ်ငန်းများမရပ်နားဘဲ မိုးထဲရေထဲ အခက်အခဲများကို ကျော်ဖြတ်ဆောင်ရွက်နိုင်၍ ၁၂-၁၁-၂၀၀၈ ရက်၌ ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြောင်းတကာ ဓာတ်အားခွဲရုံသို့ ကမာနတ်နှင့် ရွှေတောင်တို့မှ ၂၃၀ ကေဗွီဓာတ်အား အဝင်နှစ်လိုင်းဖြင့် ဓာတ်အားများ လက်ခံရရှိမှုနှင့် လော်ကား-လှိုင်သာယာနှင့် သံမဏိစက်မှုဇုန်သို့ ဓာတ်အားလိုင်းအထွက် ချိတ်ဆက်ထားရှိမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရွှေလီ-မန်စံ-ရွှေစာရံ၊ ရဲရွာ-ဘဲလင်း-ရဲရွာ-မိတ္ထီလာ၊ ဘဲလ်ကင်း-အုန်းတော၊ မုံရွာ-မိတ္ထီလာ-တောင်တွင်းကြီး၊ သာစည်-မိတ္ထီလာ-မြင်းခြံ၊ တောင်ငူ-သာယာကုန်း-ပဲခူး-သန်လျင်၊ သာကေတ-သန်လျင်၊ ပဲခူး-မြောင်းတကာ၊ ရွှေကိုင်-သာယာကုန်း၊ ကျွန်း (တောင်ငူပဲခူး)။ ရွှေတောင်-ဥသျှစ်ပင်၊ အထက်ပေါင်း လောင်း-နန်ချို-ပေါင်းလောင်း၊ ကျိုင်းတောင်းစံ၊ ပက်ပင်-ကလော၊ ကြီးအုံ ကြီးဝ-မန်းအသုတ်-သာပေါင်း၊ မန်စံ-လားရှိုး၊ မန်စံ-သီပေါ အပါအဝင် စီမံကိန်းလုပ်ငန်း ၂၂ခုမှ မဟာဓာတ်အားလိုင်း မိုင်ပေါင်း ၁၁၅၁ မိုင်တို့ကိုလည်း တည်ဆောက်လျက်ရှိသည်။

မဟာဓာတ်အားလိုင်းသစ်

ထိုစီမံကိန်းလုပ်ငန်းများထဲမှ ရန်ကုန်တိုင်းအတွင်း မြို့ရွာများ၊ မှော်ဘီမြို့နယ် မြောင်းတကာရှိ သံမဏိစက်ရုံကြီးများနှင့် ဧရာဝတီတိုင်းတို့တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးနိုင်မည့် မိုင် ၄၀ ရှိ ကမာနတ်-မြောင်းတကာ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးဖြစ်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်း၊ လက်ခံရယူခြင်းနှင့် မဟာဓာတ်အားလိုင်းသစ်ဖွင့်ပွဲ အခမ်းအနား ကို နိုဝင်ဘာ၁၂ရက်က မြောင်းတကာ ဓာတ်အားခွဲစက်ရုံ၌ ကျင်းပခဲ့သည်။

ဓာတ်အားများကျဆင်းခဲ့

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြား ရာ၌ ရန်ကုန်မြို့တွင်းတွင် ယခင်က လျှပ်စစ်ဓာတ်အားသုံးစွဲသည့် သံရည်ကျို လုပ်ငန်းကြီးများရှိနေပြီး ပြည်သူများနှင့် လျှပ်စစ်ဓာတ်အားများ ရောနှောသုံးစွဲ နေခဲ့ရသဖြင့် ပြည်သူများနှင့် စက်မှုလုပ်ငန်းများမှပါ လျှပ်စစ်ဓာတ်အား ကျဆင်းမှုများနှင့် အမြဲကြုံတွေ့ခဲ့ရကြောင်း၊သာဓကအရပြောရလျှင်ပြင်ဦးလွင် တွင်ရှိသည့် သံရည်ကျိုစက်ကြီးက လျှပ်စစ်ဓာတ်အားဆွဲပြီဆိုပါလျှင် ရန်ကုန် အထိ ဓာတ်အားများကျဆင်းပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ ကမောက်ကမ ဖြစ်ခဲ့ရကြောင်း၊ ထိုစဉ်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသည့် လောပိတ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ မနိုင်ဝန်ထမ်းရသဖြင့် စက်ရုံမှ ရိုတာ ဘားများ ကွဲတက်လာသည်အထိ ဖြစ်ခဲ့သည်ဟု ကြားသိရကြောင်း။

ဓာတ်အားများပို့လွှတ်နေ

မြောင်းတကာဓာတ်အားခွဲရုံသည် ၄င်းဒေသရှိ သံမဏိသံရည်ကျိုစက်မှု ဇုန်ကြီးအတွက် ပေါ်ထွက်လာခဲ့ပြီး ၂၈-၈-၂၀၀၅ ရက်မှစ၍ မြန်မာနိုင်ငံ ဓာတ်အားစနစ်အတွင်း ရွှေတောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ တစ်ဆင့် လျှပ်စစ်ဓာတ်အားများ လက်ခံရယူ၍ စက်တပ်အင်အား ၆၀ အမ်ဗွီ အေဖြင့် သံမဏိစက်ရုံ အမှတ်(၁)၊ အမှတ်(၂)စက်မှုဆေးဝါးစက်ရုံ မှော်ဘီမြို့၊ သာယာ ဝတီမြို့၊ လှိုင်သာယာစက်မှုဇုန် အသုတ်ဓာတ်အားခွဲရုံမှတစ်ဆင့် ဧရာဝတီတိုင်း၊ ရန်ကုန်စက်မှုမြို့အတွက် လော်ကားနှင့် ဘုရင့်နောင်ဓာတ်အား ခွဲရုံတို့မှတစ်ဆင့် ဓာတ်အားများပို့လွှတ်လျက်ရှိသော ဓာတ်အားခွဲရုံကြီးလည်း ဖြစ်သည်။

မြောင်းတကာစက်မှုဇုန်

ယခုအခါ မြောင်းတကာသံမဏိစက်မှုဇုန်တွင် နိုင်ငံတော်က အကွက်ရိုက် ချထားပေးခဲ့သည့် ပေ(၄၀၀×၂၀၀)ရှိ အကွက်ပေါင်း၃၂၇ကွက်အနက် လုပ်ငန်း ရှင်၄၁ဦးတို့က အကွက်ပေါင်း၁၄၀ ဝယ်ယူထားပြီး စက်ရုံပေါင်း ၄၁ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ ရန်ကုန်မြို့တွင်းမှ ပြောင်းရွှေ့ပေးလိုက် သော အသံနှင့်အနံ့တို့ဖြင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးနေသည့် စက်မှုလုပ်ငန်းရှင်များအတွက် ဝါးတစ်ရာတွင် နိုင်ငံတော်က အကွက်ရိုက်ချ ထားပေးခဲ့ရာ လုပ်ငန်းရှင်၄၀က ဝယ်ယူသွားပြီး စက်ရုံများ စတင်ဆောက် လုပ်လျက်ရှိရာ ထိုစက်မှုဇုန်သို့လည်း ဝါးတစ်ရာ၌ ဓာတ်အားခွဲရုံတစ်ရုံကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံချက်များရေးဆွဲတည်ဆောက်ပြီး ဓာတ်အားများ ပို့လွှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရ ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆုရ တောင်ကြီးမြို့

တက္ကသိုလ်တင်လကျ်ာ

အောက်တိုဘာလ ၈ရက်နေ့မှ ၉ရက်နေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏ စတုတ္ထအကြိမ် အစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၊ သတ္တမအကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အရှေ့အာရှထိပ်သီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် ပထမအကြိမ် အစည်းအဝေးများကို ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် Ministerial Statements များ ထုတ်ပြန်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံမှ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၈ရက်နေ့ ည ၈နာရီတွင် ကျင်းပခဲ့သည့် Environmentally Sustainable Cities (ESC) ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ရာ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ESCမြို့၊ အာဆီယံ (၁၀)နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အကောင်းဆုံးမြို့ကြီး ၁၀မြို့ ရွေးချယ်ရာတွင် မြန်မာနိုင်ငံမှ တောင်ကြီးမြို့အား ရွေးချယ်ခဲ့ပါသည်။

တောင်ကြီးမြို့သည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂မိနစ် ၂၁စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၆မိနစ် ၁၅စက္ကန့်အတွင်းတည်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေအမြင့် တွင် တည်ရှိပါသည်။ တောင်ကြီးမြို့၏ နယ်နိမိတ်မှာ အရှေ့တောင်ဘက်တွင် ဟိုပုံးမြို့နယ်၊ တောင်ဘက်တွင် ဆီဆိုင်မြို့နယ်၊ အနောက်တောင်နှင့် အနောက်ဘက်တွင် ညောင်ရွှေမြို့နယ်နှင့် ကလောမြို့နယ်၊ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ အရှေ့ဘက်တွင် မြင့်မားသော တောင်တန်းတောင်ထွတ်များရှိကာ အမြင့်ပေ ၅၁၀၀ခန့်ရှိပါသည်။

တောင်ကြီးမြို့တွင် လူဦးရေ ၂၈၀၀၀၀ ကျော်ရှိပြီး နေထိုင်လျက်ရှိသည့် လူမျိုးများမှာ ဗမာ၊ ပအိုဝ်း၊ ရှမ်း၊ ဓနု၊ အင်းသား၊ ကယား၊ တောင်ရိုး၊ ကရင်၊ ကချင်၊ ပလောင်၊ ရခိုင်၊ ချင်း၊ မွန်နှင့် လားဟူတို့ ဖြစ်ပါသည်။

သဘာဝထိန်းသိမ်းမှုအနေဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှ တောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းများအဖြစ် ထိန်းသိမ်းထားခဲ့ရာ ထီသိမ်ကန်ကြိုးဝိုင်း၊ မိုင်းသောက်အရှေ့ကြိုးပြင် ကာကွယ်တော၊ ဆူးပုပ်ကွေ့ကြိုးပြင် ကာကွယ်တော၊ ပင်ငိုကြိုးပြင်ကာကွယ်တော၊ ပင်ဖြစ် ကြိုးဝိုင်း၊ တောင်ကြီးတောင်ထင်းကြိုးဝိုင်း၊ ကျီးဖြူကန် အဆိုပြု ကြိုးပြင် ကာကွယ်တော၊ နမ့်လတ်တောင် အဆိုပြု ကြိုးပြင်ကာကွယ်တော၊ တောင်လေးလုံးကြိုးဝိုင်းများဖြင့် ဝန်းရံလျက်ရှိသော တောင်ပေါ်မြို့ တစ်မြို့ဖြစ်ပါသည်။ ၎င်းအပြင် သစ်တောထိန်းသိမ်းမှုအနေဖြင့် -

(က) သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝတောများထိန်းသိမ်းရေးလုပ်ငန်းများကိုသစ်တောဦးစီးဌာနမှ ၁၉၈၆ခုနှစ်မှ စတင်ပြီး ဧရိယာ ၁၉၈၉၈ဧကအား ကြိုးဝိုင်းများအဖြစ် သတ်မှတ်၍ ကာကွယ်စောင့်ရှောက်ခြင်း။

(ခ) သစ်တောများ ထိန်းသိမ်းရာတွင် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်း၊ သစ်တောဥပဒေများ ပြဋ္ဌာန်းခြင်း၊ လူထုအား စည်းရုံးပညာပေးခြင်းများအပြင် ဓမ္မတာမျိုးဆက်ခြင်း (Natural Regeneration) လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဂ) သဘာဝရေထွက်နှင့် ရေကန်များအား ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဝေရေလဲဧရိယာ ၈၇၅ ဒသမ ၆ ဧကအား ၁၉၈၉ ခုနှစ်မှ စတင်ပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများအပြင် နှစ်စဉ် သစ်ပင်စိုက်ပွဲတော်များ ကျင်းပပြီး အရိပ်ရပန်းအလှသစ်ပင် ၅၀၀၀၀တို့အား စိုက်ပျိုးပေးနိုင်ခဲ့ပါသည်။ တောင်ကြီးမြို့၏ ရေဆင်းနှင့်ရေအရင်းအမြစ်များမှာ တောင်ကြီးမြို့နယ်တွင် တာယောချောင်း၊ နမ့်လက်ချောင်း၊ နမ့်တဘက်ချောင်းတို့ ရှိပါသည်။ တောင်ကြီးမြို့ပေါ်ရှိ ရေထွက်ရေကန်ကိုးခုမှ ရေပေးဝေလျက်ရှိပြီး မြို့နယ်အတွင်း ဆည်ကြီး ၁၀ခု၊ ရေကန်၊ ရေနုတ်မြောင်း ၁၀ခုမှ ရေများရရှိပါသည်။

တောင်ကြီးမြို့နယ်အတွင်း ထင်းရှူးတောများ ပေါက်ရောက်ရှင်သန်လျက်ရှိပါသည်။ တောင်ကြီးမြို့ကို သဘာဝအခြေခံသည့် သန့်ရှင်းလှပသည့်မြို့အဖြစ် ဆက်လက်တည်တံ့နိုင်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါ သဘာဝထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(က) မြေပြင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများ

(၁) မြို့သန့်ရှင်းရေးလုပ်ငန်းများအနေဖြင့် မြို့ပေါ်ရပ်ကွက်များမှ အမှိုက်တန် ၂၀နှင့်ဈေးမှထွက်သောအမှိုက် ၁၈တန်၊စုစုပေါင်း ၃၈တန်ကျော်အား နေ့စဉ် သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိခြင်း။

(၂) စွန့်ပစ်အမှိုက်များမှ သဘာဝမြေဆွေး ထုတ်လုပ်မှုဆောင်ရွက်ခြင်း၊ အီးအမ်ဘိုကာရီနည်းဖြင့် မြေဆွေး ထုတ်လုပ်ခြင်း၊ ပြန်လည်အသုံးချဆောင်ရွက်ခြင်း။

(၃) သဘာဝပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေသော ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်များအား စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချနိုင်ရေးအတွက် ပလတ်စတစ်စက်ရုံ တည်ဆောက်၍ ပြန်လည်အသုံးပြုခြင်း။

(၄) ယင်လုံအိမ်သာ သုံးစွဲမှုရာခိုင်နှုန်းမှာ မြို့လူဦးရေ ၉၇ ရာခိုင်နှုန်းခန့်ရှိပြီး မိလ္လာသိမ်းဆည်းခြင်း လုပ်ငန်းများအား ပိုးသတ်ခြင်းနှင့် အနံ့အသက်ပျောက်စေရန် သဘာဝဇီဝဩဇာများ အသုံးပြုစေပြီးမှ စနစ်တကျ စွန့်ပစ်စေခြင်း။

(ခ) သောက်သုံးရေဆောင်ရွက်ပေးနိုင်မှု အခြေအနေ

စည်ပင်သာယာရေးအဖွဲ့ပိုင် ရေထွက်ရေကန် ခုနစ်ခု၊ စက်ရေတွင်း ၂၅တွင်း၊ ပုဂ္ဂလိကပိုင် ၁၇၇၄တွင်း၊ ရိုးရိုးရေတွင်း ၂၉၄၆နှင့် သဘာဝရေထွက် ၁၀ခုတို့မှ မြို့လူထုအား ရေပေးဝေသုံးစွဲလျက်ရှိပြီး သန့်ရှင်းသော သောက်သုံးရေအတွက် ရေသန့်စက်ရုံ ငါးရုံမှ မြို့လူထု ရေသန့်သုံးစွဲမှု ရာခိုင်နှုန်းမှာ ၈၃ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။

(ဂ) လေထုညစ်ညမ်းမှုကင်းစင်ရေး ဆောင်ရွက်မှု အခြေအနေ

လေထုညစ်ညမ်းမှုမဖြစ်စေရေးအတွက် စက်ရုံအလုပ်ရုံပေါင်း ၇၁၀အား ဧရိယာ ၆၀၇ဒသမ၉၈ဧကရှိ အေးသာယာ စက်မှုဇုန်အဖြစ် တောင်ခြေတွင် ၁၉၉၉ခုနှစ် ဇွန်လမှစတင်၍ ပြောင်းရွှေ့စေကြောင်း သိရှိရပါသည်။

(ဃ) မြို့သာယာလှပရေး ဆောင်ရွက်မှုအခြေအနေ

(၁) မြို့တွင်းလမ်းများအား ရေနုတ်မြောင်းများထားရှိပြီး ပင်မရေမြောင်းကြီး သုံးခုဖြင့် ရေဆိုးများအား (Main Drainage Plan) နှင့် (Waste Water Treatment) များအား ရေးဆွဲပြီး စွန့်ပစ်ရေအား ပြုပြင်ပြီးမှ စွန့်ပစ်သည့် စနစ်အား ဆောင်ရွက်ထားကြောင်း သိရပါသည်။

(၂) မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေး ပန်းအလှပင်များ၊ အရိပ်ရပင်များအား နှစ်စဉ် ပန်းအလှပင် ရှစ်မျိုးဖြင့် အပင် ၁၀၀၀၀၀ နှင့် ရာသီပန်းအလှပင် ၂၅ မျိုး၊ နှစ်ရှည်ပန်းအလှပင် ၁၅ မျိုး၊ အပင် ၄၀၀၀၀၀၊ စုစုပေါင်း အပင် ၅၀၀၀၀၀အား နှစ်စဉ်ပျိုးထောင်၍ မြေချစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

(၃) မြို့တွင်း ပန်းခြံများ၊ လူနေအဆောက်အအုံများအား သစ်လွင်လှပစေရေးအတွက် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

တောင်ကြီးမြို့နယ်တွင် ထင်ရှားသည့်သမိုင်းဝင်စေတီတော်မှာ ကက္ကူမွေတော်စေတီတော်ဖြစ်ပြီး ကက္ကူကျေးရွာအုပ်စုတွင် တည်ရှိသည်။ တောင်ကြီးမြို့တွင်ထင်ရှား၍လူစည်ကားသောနေရာများမှာ စူဠာမုနိ လောကချမ်းသာဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ မြစိမ်းတောင်ဘုရား၊ ထွင့်ထိပ် လာဘမုနိဆုတောင်းပြည့်စေတီဘုရား၊ ရပ်တော်မူဘုရား၊ ရွှေမုဋ္ဌော ဘုရား၊ မြို့လယ်ဓမ္မာရုံနှင့် မြို့မဈေးကြီး စသည့်နေရာများဖြစ်သည်။ တန်ဆောင်တိုင် ရိုးရာမီးပုံးပျံလွှတ်ပွဲများသည် နှစ်စဉ်မပျက် ကျင်းပလျက် ရှိသော ရိုးရာပွဲဖြစ်ပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၏ (Tourist Attraction) တစ်ခုဖြစ်ပါသည်။

တောင်ကြီးမြို့တွင် ထင်ရှားသော အဆောက်အအုံများမှာ ကမ္ဘောဇရိပ်သာ၊ ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၊ ရှမ်းပြည်နယ် ယဉ်ကျေးမှု ပြတိုက်၊ မြို့တော်ခန်းမ၊ စဝ်စံထွန်းဆေးရုံ၊ တောင်ကြီးဂေါက်ကွင်း၊ အေးသာယာဂေါက်ကွင်း၊ တောင်ကြီးတက္ကသိုလ်၊ အစိုးရ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ မြို့မဈေးကြီး၊ သမဝါယမ သင်တန်းကျောင်း၊ ပရဟိတအမျိုးသမီးရိပ်သာ၊ အမျိုးသမီးနှင့် ကလေးဆေးရုံတို့ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်မပျက် မြို့ရွာထိန်းသိမ်းမှုလုပ်ငန်းများတွင် အကောင်းဆုံး မြို့တစ်မြို့ ဖြစ်သည့် တောင်ကြီးမြို့သည် လက်ရှိသဘာဝပတ်ဝန်းကျင်ကို ဆက်လက် ထိန်းသိမ်းထားနိုင်။ နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူ ပြုစေနိုင်သည့်အပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အတွက် တိုင်းရင်းသား ပြည်သူလူထု အလုပ်အကိုင် တိုးပွားလာနိုင်ပြီး တစ်ဦးချင်းဝင်ငွေမှာလည်း တိုးတက်လာမည်ဖြစ်။

ယနေ့ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းမှုအနေဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့၏ အထိမ်းအမှတ်ခေါင်းစဉ်မှာ "ကာဗွန်လျှော့ချထုတ်လုပ်ရေး အမူအကျင့်ဟောင်းများ စွန့်ပစ်ပေး" ဖြစ်သဖြင့် ကမ္ဘာ့နိုင်ငံအနှံ့တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရန် အစီအမံများ ဆောင်ရွက်လျက်ရှိရာ သစ်တောထိန်းသိမ်းမှုကဏ္ဍသည် အဓိကကျသော ကဏ္ဍတစ်ခုအဖြစ် ပါရှိနေပါသည်။ ကမ္ဘာကြီး ပူနွေးစေသည့် (Global Warming) ကာဗွန်ထုတ်လွှတ်မှု၏ ၂၀ ရာခိုင်နှုန်းသည် သစ်တောပြုန်းတီးမှုမှ ဖြစ်ပေါ်နေသည်ဟု သိရပါသည်။ ကာဗွန်ထုတ်လွှတ်မှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2) စုပ်ယူမှုအား အထောက်အပံ့ပေးနေသည့် သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ ရေထိန်းသိမ်းကာကွယ်ခြင်း၊ မြေတိုက်စားမှု ကာကွယ်ခြင်းတို့သည် ကမ္ဘာကြီးပူနွေးမှုကို လျော့ကျစေပြီး စီးပွားရေးနှင့်ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းပေး၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို အထောက်အကူပြုနေပါသည်။ နောင်တိုးတက်လာသော လူဦးရေအတွက် အစားအစာဖူလုံမှု၊ သောက်ရေသန့်ရရှိနိုင်မှု၊ အနေအထိုင်သန့်သန့်ပြန့်ပြန့်ရှိမှု၊ စီးပွားရေးတိုးတက် ဖွံ့ဖြိုးမှုတို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအပေါ် အဓိကမူတည်နေသဖြင့် လူတိုင်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ လူထုအသိပညာပေးလုပ်ငန်းမှာလည်း များစွာအရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပါသည်။

ထိုနည်းတူ သဘာဝသစ်တောများနှင့် သစ်တောစိုက်ခင်းများသည် ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုနေပြီး သစ်တောများ ထိန်းသိမ်းစောင့်ရှောက်မှုကောင်းခြင်းကြောင့် တောင်ကြီးမြို့၏ သဘာဝပတ်ဝန်းကျင်မှာ လက်ရှိအခြေအနေအထိ ကောင်းမွန်နေသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ တောင်ကြီးမြို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်ကောင်းမွန်မှု သာဓကတစ်ရပ်မှာ မြို့ရေပေးဝေမှုနှင့် ရေရရှိမှုပင် ဖြစ်ပါသည်။ တောင်ကြီးမြို့သည် ပင်လယ်ရေပြင် အထက်ပေပေါင်း ၄၀၀၀ ကျော် အမြင့်တွင်ရှိပြီး မြစ်ချောင်းများနှင့်လည်း ဝေးကွာသော နေရာဒေသဖြစ်ပါသည်။ သို့ပါ၍ မြို့လူထုသုံး ရေရရှိရေးအတွက် ရေထွက်များ၊ ရေကန်များကိုသာ မှီခိုအားထားရပါသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် မြေအောက်ရေ(အဝီစိတွင်း)များကို သုံးစွဲလာကြပါသည်။ ရပ်ကွက်အမည်များကိုပင် ရေထွက်၊ ရေကန်များကို အစွဲပြု၍ ရေထွက်ဦးလမ်း၊ ရေအေးကွင်းရပ်ကွက်စသည်ဖြင့် ခေါ်ဝေါ်ခဲ့ပါသည်။ အဆိုပါရေထွက်များ၊ ရေကန်များမှရေကို နှစ်ရာနှင့်ချီ၍ သုံးစွဲနိုင်ခြင်း၊ မြေအောက်ရေကိုလိုသလောက် သုံးစွဲနိုင်ခြင်းများမှာ မြို့ပတ်ဝန်းကျင်ရှိ သစ်တော၊ သစ်ပင်များကို စနစ်တကျပြုစုစောင့်ရှောက် ထိန်းသိမ်းထားမှုကြောင့်ပင် ဖြစ်ပါသည်။

ကမ္ဘာ့ရေချိုထိန်းသိမ်းမှုအား ဖော်ပြရပါလျှင် ကမ္ဘာပေါ်တွင် ရေငန် ၉၇ရာခိုင်နှုန်းနှင့် ရေချို သုံးရာခိုင်နှုန်းရှိပါသည်။ ရေချို သုံးရာခိုင်နှုန်းအနက် နှစ်ရာခိုင်နှုန်းမှာ ရေခဲတောင်များမှ ရရှိပြီး ကျန်တစ်ရာခိုင်နှုန်းသာ မြေအောက်ရေနှင့် မြစ်ချောင်းများ၌ တည်ရှိနေသဖြင့် တောင်ကြီးမြို့ လူထုသုံးစွဲသည့် ရေအရင်းအမြစ်သည် ကမ္ဘာ့ရေချိုထိန်းသိမ်းမှု၏ တစ်ရာခိုင်နှုန်းအတွင်းမျှသာ ရရှိနေကြောင်း သတိပြုသင့်ပါသည်။

ထို့အပြင် မြို့၏ အရှေ့နှင့် အရှေ့မြောက်ဘက်သည် အမြင့်ပိုင်းဖြစ်ပြီး အနောက်နှင့် အနောက်တောင်ဘက်သည် အနိမ့်ပိုင်းဖြစ်သဖြင့် ရေဆိုးထုတ်ရာတွင် ဆင်ခြေလျှောအတိုင်း လွယ်ကူစွာစီးဆင်းနိုင်ခြင်း၊ မိုးအခါ၌ မိုးရေများ တင်ရှိနေခြင်း မဖြစ်ဘဲ အဆင်ပြေစွာ စီးဆင်းနိုင်ခြင်းများကြောင့် မြို့၏ သန့်ရှင်းမှုကို သဘာဝက အထောက်အကူပြုလျက် ရှိပါသည်။ ထိုသဘာဝအနေအထားကို မြို့နေလူထုကလည်း ထိန်းသိမ်းသည့်အနေဖြင့် အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်ခြင်းကို အစဉ်အလာအရ လုပ်ဆောင်လာခဲ့ပါသည်။ ထို့ကြောင့် တောင်ကြီးမြို့၏ ပတ်ဝန်းကျင်သည် ယနေ့တိုင် စိမ်းလန်းစိုပြည် သန့်ရှင်းသာယာနေခြင်း ဖြစ်ပါသည်။ ၎င်းအပြင် တောင်ကြီးမြို့သည် မြန်မာနိုင်ငံ၏ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း Ecotourism Site တစ်ခုဖြစ်သည့် အင်းလေးကန် ဒေသနှင့်လည်း နီးစပ်စွာ တည်ရှိနေသဖြင့် ကမ္ဘာလှည့် ခရီးသွားများအနေဖြင့် ယခုလို ESCမြို့တစ်မြို့အဖြစ် ဆုရခဲ့ခြင်းကြောင့် မျက်စိကျ စိတ်ဝင်စားမှုများလာနိုင်ပါသည်။ ထိုကဲ့သို့ လာရောက်လည်ပတ်မှု များလာနိုင်သောဒေသ တောင်ပေါ်မြို့တစ်မြို့ ဖြစ်သဖြင့် မြို့၏သန့်ရှင်း သာယာလှပမှု၊ သဘာဝပျက်စီးမှုများအား နောင်ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုးစားထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင် နိုင်ငံတော်အတွင်း မြို့ရွာများအား သန့်ရှင်းသာယာလှပစေရေးကို အခြေခံပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူသည်။ သဘာဝပတ်ဝန်းကျင်မပျက် မြို့ရွာထိန်းသိမ်းမှု လုပ်ငန်းများတွင် အကောင်းဆုံးမြို့တစ်မြို့ ဖြစ်သည့် တောင်ကြီးမြို့သည် လက်ရှိသဘာဝပတ်ဝန်းကျင်ကို ဆက်လက် ထိန်းသိမ်းထားနိုင်သည်။ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူ ပြုစေနိုင်သည့်အပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အတွက် တိုင်းရင်းသားပြည်သူလူထု အလုပ်အကိုင် တိုးပွားလာနိုင်ပြီး တစ်ဦးချင်းဝင်ငွေမှာလည်း တိုးတက်လာမည် ဖြစ်သည်။ ထို့ပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရာဒေသအလိုက် လူနေမှုအဆင့်အတန်းမြင့်မားလာမည်မှာလည်း ဧကန်မလွဲဖြစ်ပါသည်။

ယနေ့အခါတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လူအချင်းချင်း ချစ်ခင်ကြင်နာမှု၊ အပြန်အလှန် နားလည်မှုများ ရရှိလာနိုင်ပါသည်။ တောင်ကြီးမြို့သည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု၊ တိုးတက်မှုအပေါ် ဆွဲဆောင်နေသည့် မြို့တစ်မြို့အဖြစ် လူသိများလာနိုင်သည့်နည်းတူ မြန်မာနိုင်ငံ၏ (Smokeless Factory) ဟု တင်စားခေါ်ရမည့် မီးခိုးမဲ့စက်ရုံ (Tourist Attraction) တစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း အခြားပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့ကြီး၊ မြို့ငယ်များသည်လည်း တောင်ကြီးမြို့နည်းတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု ကောင်းသော မြို့များဖြစ်လာနိုင်စေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

18-11 (10).pmd 1 11/18/2008, 2:32 AM

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၁၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ နိုင်ငံတကာအဆင့်မီကွန်ဒိုများ ရန်ကုန်မြို့တွင် မကြာမီ ထပ်မံတည်ဆောက်မည်၊ အဆိုတော်ဘာဘူ၏ မင်္ဂလာပွဲ မြင်ကွင်းစုံ၊ ရထားနှင့် ရထားစီးခရီးသည်များ အန္တရာယ်ဖြစ်အောင် ပြုလုပ်သူကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်မည်၊ DVD များနေရာတွင် နည်းပညာပိုမိုမြင့်မားသည့် Blu-ray Disc များ ဝင်ရောက်လာ၊ တနင်္သာရီကမ်းရိုးတန်းမြို့တော်သို့ စာပေခရီးတစ်ခေါက်၊ မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်သစ် ရဲယို၊ မြန်မာနိုင်ငံတွင် ငလျင်ကြီးကြီးမားမား လှုပ်နိုင်ခြေမရှိသေး၊ ကုန်တင်ကားကြီးများကို အဖွဲ့လိုက်ဖောက်ထွင်းသူများအား ဖမ်းဆီးရမိ၊ တံတားကြီးများ၏ ဘေးဝဲယာ လေးမိုင်အကွာအဝေးကို အထူးဇရိယာများအဖြစ် သတ်မှတ်၊ သက်ဆင် ဘယ်နေရာမှာ နားခိုမလဲ၊ ပုလင်းခွံများဖြင့် တည်ဆောက်ထားသည့် ဘုရားကျောင်း၊ တရုတ်က လကမ္ဘာမျက်နှာပြင်၏ ပထမဆုံးမြေပုံအပြည့်အစုံကို ထုတ်ပြန်၊ ၂၀၀၈ မယ်ကမ္ဘာသရဖူကို ဖိလစ်ပိုင်မယ်ရရှိ၊ ဂျက်လေယာဉ်တစ်စင်း ငှက်အုပ်ကြီးနှင့်တိုက်မိ၍ ခရီးသည်များ လေထီးဖြင့် ခုန်ချခဲ့ရ၊ ဖိလစ်ပိုင်မှ ဂူကြီးက ကမ္ဘာ့အံ့ဖွယ်သစ် ခုနစ်ခုတွင် နံပါတ်တစ်နေရာရနေ၊ အဘွားအိုတစ်ဦး ဆွေမျိုးအလောင်း သုံးလောင်းနှင့် နှစ်အတန်ကြာ အတူနေခဲ့၊ အိန္ဒိယ၏ အာကာသယာဉ် လကမ္ဘာပေါ်သို့ အောင်မြင်စွာဆင်းသက်ပြီး အိန္ဒိယနိုင်ငံအလံကို စိုက်ထူနိုင်ခဲ့၊ ဝါးဖြင့်ပြုလုပ်သည့်ကား ဓာတ်အားတစ်ကြိမ်ဖြည့်ထားရုံဖြင့် မိုင်၃၀ကျော် မောင်းနှင်နိုင်၊ အိုဘားမားက ဟီလာရီကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ရန်ကမ်းလှမ်း၊ သက်ဆင်တို့လင်မယား ကွာရှင်းပြတ်စဲလိုက်ပြီ၊ ဆိုမာလီပင်လယ်ဓားပြများ ယခုလ ၁၆ရက်က ဂျပန်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲလိုက်ပြန် စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုစာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးခင်မောင်အေး မြန်မာနိုင်ငံ ဆရာဝန်အသင်း အကြိမ်(၂၀)မြောက် မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၂၀)မြောက် မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မျက်စိဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ မျက်စိအထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးခင်မောင်အေးနှင့် မြန်မာနိုင်ငံမျက်စိဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးကံညွန့်တို့က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဟောပြောပို့ချ

ထို့နောက် ညီလာခံကိုစတင်ကျင်းပရာ ဆေးတက္ကသိုလ်(၁) ရန်ကုန် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာလင်းထွန်းထွန်းက Neuro-Ophthalmic Imaging အကြောင်းကို ဟောပြောပို့ချပြီး စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

ဆက်လက်ကျင်းပမည်

အဆိုပါညီလာခံကို နိုဝင်ဘာ ၁၈ရက်အထိ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခိုးမှုကျူးလွန်သူအား လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့စခန်းအမှတ်(၃) နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များက စော်ဘွားကြီးကုန်း ကားမှတ်တိုင်တွင် ခိုးမှုကျူးလွန်သူတစ်ဦးအား ခိုးရာပါ ပစ္စည်းများနှင့်အတူ နိုဝင်ဘာ ၁၁ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၁၁ရက် နံနက် ၄နာရီတွင် အင်းစိန်မြို့နယ် အမှတ်(၃) နယ်မြေရဲကင်းမှတပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် စော်ဘွားကြီးကုန်းရပ်ကွက် လမ်းဆုံကားမှတ်တိုင်အနီးတွင် ဆောင်းဘောက်နှစ်လုံး၊ အမ်ပလီဖာရာတစ်လုံး၊ ကင်မရာတစ်လုံးတို့နှင့်အတူ တွေ့ရသူ ကျော်သူမင်း (၂၆)နှစ် သပြေကုန်းကျေးရွာ ဟင်္သာတမြို့နယ် ဇရာဝတီတိုင်းနေသူအား ဖမ်းဆီးရမိခဲ့သည်။

သိမ်းဆည်းနိုင်

ကျော်သူမင်းအား စစ်ဆေးခဲ့ရာ လှိုင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ အင်းစိန်မြို့နယ်တို့တွင် ခိုးမှု ၁၃မှု ကျူးလွန်ကြောင်း ပေါ်ပေါက်ပြီး အမှုများမှ လက်ဆွဲကွန်ပျူတာအပါအဝင် ပစ္စည်းမျိုးစုံ ၂၀ တို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျော်ဖုံးမှ*

အစိုးရ စက်မှုလက်မှုသိပ္ပံ(ဟားခါး)သည် မြို့နှင့် မနီးမဝေးသော ဖလမ်း-ဟားခါး လမ်းမကြီး၏ လမ်းနံဘေးရှိ မြို့သစ်ရပ်ကွက်တွင် တည်ရှိပြီး မြေအကျယ်အဝန်းအတွက် ခုတ်ထွင်ရှင်းလင်းပါက ဧက၂၀၀ခန့် ရှိမည်ဖြစ်သည်။ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၏ ပင်မကျောင်းဆောင် နှစ်ဆောင်ကို ၂၀၀၇ခုနှစ် ဧပြီလက စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ကြီးကြပ်

သတင်းအဖွဲ့သည်ခေတ္တကျောင်းအုပ်ဆရာကြီး ဦးဖိုးသင်းနှင့် တွေ့ဆုံခဲ့ရာ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုကို ခံယူလျက် တည်ဆောက်ရေးကော်မတီအဖွဲ့က ပြည်နယ် အင်ဂျင်နီယာ၊ မြို့နယ် အင်ဂျင်နီယာများနှင့် အစိုးရစက်မှုလက်မှု သိပ္ပံ (ဟားခါး) ဆောက်လုပ်ပြီး တူညီ ပင်မကျောင်းဆောင် နှစ်ဆောင်အနက် တစ်ဆောင်၏ ရှေ့မျက်နှာစာ အလျားပေ ၁၀၀ နှင့် ဘေးမျက်နှာစာ အနံ ၅၂ပေ၊ အမြင့် ၃၅ပေ ရှိပြီး ကွန်ကရစ်ခင်း၊ အုတ်ညှပ်ကာရံ၍ သိပ်မိုးဖြင့် ဆောက်လုပ်ထားကြောင်း၊ အခင်း၊ အကာ၊ အမိုး၊ အလားတူ ဆောက်လုပ်ပြီး ဆရာများ ညအိပ်တည်းခိုဆောင်နှင့် ဆရာမများ ညအိပ်တည်းခိုဆောင်တို့မှာ အလျားပေ ၇၀၊ အနံ၂၄ပေ၊ အမြင့် ၁၀ပေရှိကြောင်း ပြောကြားသည်။

လာမည့် ဒီဇင်ဘာလတွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီး လျှပ်စစ်မီးလိုင်း၊ ရေလိုင်း၊ ဖုန်းလိုင်းများ သွယ်တန်းဆောင်ရွက်နေမှု ပြီးစီးပါက မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

"ဘာသာရပ် ခြောက်မျိုး သင်ကြားပို့ချသွားမည်"

ဦးဖိုးသင်း
ခေတ္တကျောင်းအုပ်ဆရာကြီး
အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)

အိုးမကွာ အိမ်မကွာ

ယခုဆို ဒေသခံကျောင်းသား ကျောင်းသူများက စစ်ကိုင်းတိုင်း ကလေးမြို့ နည်းပညာတက္ကသိုလ်(ကလေး)နှင့်မုံရွာမြို့ နည်းပညာတက္ကသိုလ်(မုံရွာ)သို့ အဆင့်မြင့်နည်းပညာများသွားရောက်သင်ယူနေကြရသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ဖွင့်လှစ်နိုင်ခြင်းဖြင့် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်းရှိ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ထန်တလန်၊ ဖလမ်း၊ ရိဒ်၊ ဟားခါးမြို့နယ် ခုနစ်မြို့နယ်၊ မင်းတပ်ခရိုင်အတွင်းရှိ ကန်ပက်လက်၊ မတူပီ၊ ရေဇွာ၊ မင်းတပ်မြို့နယ် လေးမြို့နယ်မှ ကျောင်းသားကျောင်းသူများ ကလေးမြို့၊ မုံရွာမြို့သို့ သွားရောက် သင်ကြားရန်မလိုဘဲ မိမိဒေသအတွင်း၌ပင် အဆင့်မြင့်ပညာကို အိုးမကွာ အိမ်မကွာ လက်လှမ်းတမီ သင်ယူနိုင်တော့မည် ဖြစ်ပေသည်။

ဘာသာရပ်ခြောက်မျိုး

ကျောင်းအုပ်ဆရာကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)ကျောင်းတွင် မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားသင်တန်း၊ စက်မှုစွမ်းအားသင်တန်း၊ စက်မှုပုံစံပြုသင်တန်း၊ ဇီဝနည်းပညာသင်တန်းဟူ၍ ဘာသာရပ်ခြောက်မျိုး သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

သို့ဖြစ်၍ နယ်မြေဒေသ၏ လူ့စွမ်းအားအရင်းအမြစ်၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အချိုးညီညီ ပါဝင်ဆောင်ရွက်လာနိုင်တော့မည်ဟု ရည်ရွယ်ပါကြောင်း လေ့လာစေ့ငု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ပင်မ စာသင်ဆောင်နှစ်ဆောင် ဆောက်လုပ်ပြီးစီးမှုကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန်တက္ကသိုလ်(၁၉၇၃-၇၄-၇၅) ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တက္ကသိုလ်မှ ၁၉၇၃-၇၄-၇၅ ဘူမိဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့)တွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ဆရာကန်တော့ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ၁၉၇၃ခုနှစ်မှ ဦးကျော်စိုးအောင် ဖုန်း-၅၃၄၁၃၉၊ ဦးလှမြင့် ဖုန်း-၆၃၉၄၂၄-လိုင်းခွဲ-၂၂၀၊ ဦးဝဏ္ဏ ဖုန်း-၀၉-၅၀-၅၅၀၁၅၊ ဦးသိန်းဇံ ဖုန်း-၀၉-၈၀-၂၄၂၇၂၊ ၁၉၇၄ခုနှစ်မှ ဦးရီစိန်-ဒေါ်တင်တင်အေး ဖုန်း-၇၀၀၆၀၇၊ ဦးစိုးမြင့်အောင် ဖုန်း-၀၉-၅၀-၁၀၂၀၉၊ ဦးအောင်ပြိုး ဖုန်း-၂၉၃၈၄၇၊ ၁၉၇၅ခုနှစ်မှ ဦးစိုးကြင်-ဒေါ်ခင်မမ ဖုန်း-၀၉-၅၀-၁၁၂၃၃၊ ၀၉-၅၁-၃၈၈၉၉၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၅၀-၆၀၆၂၄၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၆၈၂၂၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၇

နိုဝင်ဘာ ၁၇ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အလယ်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာနေသည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိသည်။ ထူးခြားသည့် ညအပူချိန်မှာ လွိုင်လင်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့၌ ၇ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

နိုဝင်ဘာ ၁၈ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာနေမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုဝင်ဘာ ၁၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း **'နိုရယ်'** သည် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

✻ ကျောဖုံးမှ

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုပင် ကျင်းပတော့မည်ဖြစ်သည်။ နိုဝင်ဘာ ၁၈ရက်(ယနေ့)တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်းနှင့်မလေးရှားလက်ရွေးစင်အသင်း၊ နိုဝင်ဘာ ၁၉ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အူလ်ဆန်ဟွန်ဒိုင်းကလပ်အသင်းနှင့်အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တွေ့ဆုံ

မြန်မာဘောလုံးပရိသတ်များ သိရှိပြီးသားဖြစ်သည့်အတိုင်းပင် နိုဝင်ဘာ ၁၆ရက်တွင် အုပ်စုပွဲစဉ်များ အားလုံးပြီးဆုံးခဲ့ပြီး အုပ်စု(က)မှ အိမ်ရှင်မြန်မာက အုပ်စုပထမ၊ အင်ဒိုနီးရှားက အုပ်စုဒုတိယ၊ အုပ်စု(ခ)မှ အူလ်ဆန်ဟွန်ဒိုင်းက အုပ်စုပထမ၊ မလေးရှားက အုပ်စုဒုတိယတို့ဖြင့် နောက်တစ်ဆင့် တက်ခဲ့ခြင်းဖြစ်သည်။ မာဒေးကား ချန်ပီယံ ဗီယက်နမ်အိုလံပစ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်အသင်းတို့မှာ အုပ်စုအဆင့်ဖြင့်သာကျေနပ်ခဲ့ရသည်။ နိုဝင်ဘာ ၁၆ရက်က ကစားခဲ့သော အုပ်စု နောက်ဆုံးပွဲတွင် အူလ်ဆန်ဟွန်ဒိုင်းအသင်းက ဗီယက်နမ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသောကြောင့် မလေးရှားထက် သွင်းဂိုးသာပြီး အုပ်စုပထမရသွားရာအုပ်စုပွဲစဉ်များတွင်ခြေစွမ်းပြနေသည့် မလေးရှားအသင်းနှင့် အိမ်ရှင် မြန်မာအသင်းတို့ စောစီးစွာ တွေ့ဆုံကြရခြင်းဖြစ်သည်။

ရှုံးကြွေးဆပ်ရမည်

မြန်မာ့လက်ရွေးစင် အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းတို့၏ ယခုအကြိုဗိုလ်လုပွဲတွင်တွေ့ဆုံမှုမှာ ပြီးခဲ့သည့်အကြိမ်(၄၀)မြောက် မာဒေးကားဖလားပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သော ရှုံးကြွေးကို မြန်မာအသင်းက ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်၌ ရှုံးကြွေးပြန်ဆပ်မည့်ပွဲလား (သို့မဟုတ်) မြန်မာအသင်းအကြောင်း ကောင်းကောင်းသိသည့် ဆာသီယာနသန်၏ မလေးရှားအသင်းကပဲ အနိုင်ယူသွားမလား ဆိုတာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည်။ လက်ရှိ မလေးရှားလက်ရွေးစင်အသင်း၏ နည်းပြအဖြစ် တာဝန်ယူထားသူ ဆာသီယာနသန်သည် လက်ရွေးစင်အသင်းကို မကိုင်တွယ်မီ မလေးရှား ယူ-၂၃အသင်းကို ကိုင်တွယ်ကတည်းက မြန်မာ့လက်ရွေးစင်အသင်းကို အနိုင်ယူခဲ့ဖူးသူဖြစ်သည်။ ၂၀၀၆ခုနှစ် ဒုတိယအကြိမ် Grand Royal Challenge Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိ၊ ၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် မြန်မာအသင်းကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မလေးရှား ယူ-၂၃အသင်းကို မာဒေးကားဖလား ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူ ဆာသီယာနသန်အား ယင်းပြိုင်ပွဲအပြီးတွင် လက်ရွေးစင် နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ မလေးရှားလက်ရွေးစင်အသင်းနှင့် ယခုနှစ်အတွင်း ဒုတိယမြောက်တွေ့ဆုံကြခြင်းဖြစ်ပြီး မြန်မာအသင်း နောက်ဆုံး အနိုင်ရခဲ့သောပွဲမှာ ဗိုလ်စွဲခဲ့သည့် ၂၀၀၆ (၃၈)ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲ အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲတွင်ဖြစ်သည်။

အရေးကြီး

ယခု တတိယအကြိမ် Grand Royal Challenge Cup ပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း၏ ယခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် ပြိုင်ပွဲများအနက်မှ ပဉ္စမမြောက် ပြိုင်ပွဲဖြစ်ပြီး ယှဉ်ပြိုင်ပြီးသည့် AFC Challenge Cup၊ အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ဖလား ဗီယက်နမ် ဟိုချီမင်းစီးတီးဖလားပြိုင်ပွဲနှင့် မာဒေးကားဖလားပြိုင်ပွဲတို့တွင် တတိယ တစ်ကြိမ်ရရှိပြီး ဆီမီးဖိုင်နယ်သို့ သုံးကြိမ် ရရှိခဲ့သည်။ ထို့ကြောင့် မလေးရှားအသင်းနှင့် ကစားရမည့် ယခုအကြိုဗိုလ်လုပွဲမှာ မြန်မာအသင်းအတွက် အရေးကြီးသော ပွဲတစ်ပွဲဟု ဆိုရမည်ဖြစ်သည်။ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် အောင်ပွဲခံနိုင်ရေး၊ ပြီးခဲ့သည့်ပြိုင်ပွဲများတွင် အကြို ဗိုလ်လုပွဲအဆင့်သာ အမြင့်ဆုံးရောက်ရှိခဲ့မှုကိုချိုးဖျက်ပြီး ဗိုလ်လုပွဲသို့ ရောက်ရှိရေးနှင့် ဆာသီယာနသန်၏ မလေးရှားကို ရှုံးကြွေးပြန်ဆပ်နိုင်ရေးတို့အတွက်ကြိုးစားကစားရတော့မည်ဖြစ်သည်။

တိုက်စစ်အားပြု

တန်းမှာ အများနည်းသည့် အနေအထားတွင် ရှိသည်။ အလယ်တန်းတွင် ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်နှင့် မျိုးမင်းထွန်းတို့ကို နှစ်ပွဲဆက်တိုက် အသုံးပြုခဲ့ပြီး ပိုင်စိုးနှင့် ဇော်ထက်အောင်တို့ကို တစ်ပွဲစီ သုံးထားသည်။ နှစ်ပွဲစလုံးခြေစွမ်းပြထားသူမှာ ရာဇာဝင်းသိန်းဖြစ်ပြီး တိုက်စစ်ကို အကောင်းဆုံး ပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။ ပြီးခဲ့သည့် ပြိုင်ပွဲလေးခုတွင် အကြိုဗိုလ်လုပွဲများ၌ အမှားများဖြစ်ပြီး ရှုံးနိမ့်ခဲ့ရာ ယခုပွဲတွင် အမှားမများရန် အရေးကြီးပေသည်။ ခြေသီ

သော အသင်းများလည်းဖြစ်၍ အခွင့်အရေးရလျှင်ရသလို အသုံးချနိုင်မှသာ နိုင်ပွဲရရှိရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အုပ်စုနှစ်ပွဲ ကစားခဲ့သော ခြေစွမ်းအရကြည့်လျှင် မလေးရှားအသင်းမှာ ပွဲအစပိုင်းတွင် တိုက်စစ်ကို အားပြု မကစားဘဲ ခံစစ်ကို လုံအောင်ကစားလေ့ရှိသည်။ ခံစစ်အထိုင်ကျပြီးမှတစ်ဖက်အသင်း၏အားနည်းသည့်နေရာများကို အများဆုံး တိုက်စစ်ဆင်သည်။ တိုက်စစ်ကို အဓိကပံ့ပိုးသူများမှာ နံပါတ်၁၀ မိုဟာမက်ဆာဖီ၊ နံပါတ် ၁၃မဟာယူဒင်နှင့် နံပါတ်၈အက်ဟက်စ်အဒူတို့ ဖြစ်ပြီး တောင်ပံရော အလယ်ကြောမှပါ ထိုးဖောက် တိုက်စစ်ဆင်လေ့ရှိသည်။ အုပ်စုပွဲတွင် မာဒေးကားချန်ပီယံ ဗီယက်နမ်အိုလံပစ်အသင်းကို ဂိုးပြတ်အနိုင်ရပြီး ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သလို K-League တွင် ကစားနေသော Pro ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသော အူလ်ဆန်ဟွန်ဒိုင်းအသင်းကိုလည်း ဦးဆောင်ဂိုးသွင်းပြီး သရေကစားနိုင်ခဲ့သည်။

မြန်မာနှင့် မလေးရှားအသင်းတို့မှာ တစ်သင်းနှင့်တစ်သင်း ခြေအရ ကွာခြားမှုမရှိသလို တစ်သင်းနှင့်တစ်သင်း အထာသိနေသော အသင်းများလည်းဖြစ်သည်။ ထို့ကြောင့် ယနေ့ညနေ၃နာရီတွင် ကစားမည့် အကြိုဗိုလ်လုပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်ပြီး မြန်မာအသင်း အနိုင်ရရှိရန်မှာ မြန်မာဘောလုံးချစ်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုမှာ များစွာအရေးပါလာတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျင်းပသည့်ပြိုင်ပွဲတိုင်း မြန်မာအသင်း အောင်မြင်မှုရရှိရန် ပရိသတ်များက လာရောက်အားပေးလေ့ရှိကြပြီး ယခုပြိုင်ပွဲတွင်လည်း ထပ်မံ အထောက်အကူပြုမည်ဟု ယုံကြည်မိသည်။

အဆင့်မြင့်ပြိုင်ပွဲ

အာဆီယံ ထိပ်သီး လက်ရွေးစင် သုံးသင်း၊တောင်အာရှထိပ်သီးလက်ရွေးစင် တစ်သင်း၊ အာရှထိပ်တန်း K-League ၏ ထိပ်သီးကလပ်တစ်သင်း၊ အိုလံပစ် တစ်သင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသော တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲမှာ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများအနက်မှ နှစ်ပေါင်း ၃၀ကျော်အတွင်း အဆင့်မြင့်ဆုံး ပြိုင်ပွဲကြီး တစ်ခုလည်း ဖြစ်သည်။ ယင်းအဆင့်မြင့်ပြိုင်ပွဲကြီးတွင် မြန်မာအသင်းအနေဖြင့် လက်ရှိချန်ပီယံကာကွယ်ရေး ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲ၏ အောင်မြင်မှုမှာ လာမည့်အာဆီယံ ဆုဇူကီးဖလား ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ထောက်ကူနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မာဒေးကားဖလားပြိုင်ပွဲမှ ရှုံးကြွေးကိုဆပ်ရန် ကြိုးစားမည့် မြန်မာအသင်း။
(မြန်မာ့အလင်း)

ခြေစွမ်းပြ

Grand Royal Challenge Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာအသင်း၏ ခြေစွမ်းမှာ တည်ငြိမ်မှုမရှိသေးဘဲ ပွဲဦးထွက်ပွဲ၌ ဘင်္ဂလားဒေ့ရှ်ကို ခြေစွမ်းမပြနိုင်ဘဲ ဂိုးမရှိ သရေသာကစားနိုင်ခဲ့သည်။ အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲ၌ အင်ဒိုနီးရှားကို ခြေစွမ်းပြပြီး အနိုင်ယူနိုင်ခဲ့သော်လည်း အားထားရသည့် တိုက်စစ်မှူး ရန်ပိုင် ဘယ်ခြေချင်းဝတ်၌ ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။ ယင်းဒဏ်ရာကြောင့် ယနေ့ပွဲတွင် ရန်ပိုင် ပါဝင်ရန် မသေချာသေးချေ။ ရန်ပိုင် မပါဝင်နိုင်လျှင် စိုးမြတ်မင်း တစ်ယောက်တည်းကို အထောင်ထားပြီး ၄-၅-၁ ကစားကွက်ဖြင့် ကစားမလား သို့မဟုတ် အင်ဒိုနီးရှားကို အနိုင်ဂိုးသွင်းခဲ့သည့် ကျော်သီဟကိုပဲ ပွဲအစကတည်းက ထုတ်သုံးမလား စောင့်ကြည့်ရမည် ဖြစ်သည်။ နောက်တန်းတွင် ဒဏ်ရာက သက်သာလာသူ ဇော်လင်းထွန်း ပြန်ပါလာ၍ အားပြန်တောင့်လာပြီး ယခု နောက်

အုပ်စု(ခ)ပွဲစဉ်များတွင် ခြေစွမ်းပြခဲ့သော မလေးရှားလက်ရွေးစင်အသင်း။
(မြန်မာ့အလင်း)

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲမှာ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများ အနက်မှ နှစ်ပေါင်း၃၀ကျော်အတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲကြီး တစ်ခုလည်းဖြစ်။ မြန်မာအသင်းအနေဖြင့် လက်ရှိ ချန်ပီယံ ကာကွယ်ရေး ကြိုးပမ်းရမည်ဖြစ်သလို ယခုပြိုင်ပွဲ၏ အောင်မြင်မှုမှာ လာမည့် အာဆီယံ ဆုဇူကီးဖလား ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အထောက်အကူပြုမည်ဖြစ်။

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၈ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည်။

အထူးဆု

ရှေးဦးစွာ တာဝန်ရှိသူများက အထူးဆုရရှိကြသည့် ပြည်နယ်နှင့်တိုင်းအသင်းများအား လည်းကောင်း၊ တစ်ဦးချင်း စိတ်ကြိုက်စွမ်းရည်ပြပြိုင်ပွဲ ပထမဆုရ ဆိုင်းမိုင် (ကချင်ပြည်နယ်)၊ ဒုတိယဆုရ ပိုးအိဖြူ (ရန်ကုန်တိုင်း)၊ တတိယဆုရ နန်းစုမြတ်မွန် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့အားလည်းကောင်း၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုများအား လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက တံခွန်စိုက်ပထမဆုရ (ကချင်ပြည်နယ်)အသင်းအား ငွေသားဆုဂုဏ်ပြုဆုငွေ ကျပ်၁၅၀၀၀၀ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

တံခွန်စိုက်ဒိုင်း

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က တံခွန်စိုက်ပထမဆုရ ကချင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅၂)ကို ယနေ့ဖြန့်ချိထားသည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် စင်ကာပူ၌ အလုပ်သွားလုပ်မည့်သူများ သတိပြုသင့်၊ ဗီဒီယိုပြသခွင့်လိုင်စင်မရှိဘဲ ပြသနေသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များကို အရေးယူခြင်းအစီအစဉ် စတင်တော့မည်၊ အစားရေစာမစားဘဲ သုံးနှစ်ကြာ တရားကျင့်နေသော နီပေါလ်လူငယ်၊ Iron Cross လန်ဒန်တွင် သွားရောက်ဖျော်ဖြေမည်၊ ကိုရီးယားသဘော်ာတစ်စင်း ဆိုမာလီပင်လယ်ဓားပြတို့၏ ထပ်မံပြန်ပေးဆွဲခြင်းခံရပြန်၊ ပို့ကုန်ဈေးနှုန်းများ ကျဆင်းနေခြင်းကို မသမာသော နည်းလမ်းဖြင့် ရင်ဆိုင်မဖြေရှင်းသင့်၊ မလေးရှားမှ ကရုဏာအဖွဲ့ မြန်မာနိုင်ငံ၌ ဆေးရုံ တည်ဆောက်ပေးမည်၊ ပြည်ပဈေးကွက်၌ နိုင်ငံခြားငွေ တိုးမြှင့်ရရှိနေသော မြန်မာ့ငါးရှဉ့်၊ နွားနောက်များကို ပြည်ပသို့ အဓိကပို့ကုန်ဖြစ်လာစေရေး စီစဉ်လျက်ရှိ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်ငါးဆိုင် ထပ်မံဖွင့်လှစ်မည်၊ အသက်ကြီးလာလျှင်ဖြစ်တတ်သည့် ခြေထောက်ပြဿနာများ၊ လူသတ်မှုတိုးပွားလာသော စင်ကာပူ၊ ယခုနှစ်တွင် Miss X'mas ဘယ်သူရမှာလဲ၊ ဒုတိယအကြိမ် ရွှေမင်္ဂလာစုံတွဲရှာပုံတော်ရွေးချယ်ပွဲ၊ ကိုရီးယားဓာတ်လမ်းတွဲ စူပါမင်းနှင့် မာနရှင်၊ ပြည်တွင်း၌တည်ဆောက်မည့် ရထားစက်ခေါင်းများတွင် DLC မိုက်ကရိုကွန်ပျူတာစနစ် တပ်ဆင်မည်၊ အိန္ဒိယတွင် ဒီဇင်ဘာလမှ ဧပြီလအတွင်း ပဲမျိုးစုံဈေးနှုန်း ကျဖွယ်ရှိ၊ ပါမောက္ခဒေါက်တာဦးခင်မောင်အေး၏ နှလုံးသွေးကြောကျဉ်းရောဂါ၊ ပါမောက္ခဒေါက်တာဦးသံစစ်၏ အသည်းရောင်ဘီပိုးကာကွယ်ဆေး၊ အိုဘားမား၏ စစ်ရေးမဟာဗျူဟာ၊ ဘင်လာဒင်ကို ဖမ်းမိရေးသည် (စီအိုင်အေ)၏ ထိပ်တန်းဦးစားပေးမှုတစ်ရပ်အဖြစ်ရှိနေဆဲ၊ ဟားမာ့စ်နှင့် ဟစ်ဇ်ဘိုလာတို့ နောက်ဆုံးတိုက်ပွဲအတွက်ပြင်ဆင်၊ ဆိုးလ်မြို့တော်သို့ ဒုံးကျည်ပေါင်း၂၅၀၀၀ အား စစ်စတင်သည်နှင့် တစ်နာရီအတွင်း ပစ်ခတ်နိုင်ကြောင်း အမေရိကန်တပ်မှူး ပြောကြားစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) စေတနာညကျောင်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍၂၀၀၈-၂၀၀၉ စေတနာညကျောင်း ဖွင့်လှစ်ခြင်းအခမ်းအနားကို နိုဝင်ဘာ၄ရက် နံနက်၉နာရီက ဒဂုံမြို့နယ် ဝင်းသူဇာခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကားပြောကြား၍ စေတနာညကျောင်းမှ ၂၀၀၇-၂၀၀၈ စာသင်နှစ်တွင် အောင်မြင်သော လေးဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌက ရာသက်ပန်အသင်းဝင် ကတ်ပြား၂၈၀၀ကို တိုင်းကြီးကြပ်ရေးဥက္ကဋ္ဌထံ ပေးအပ်ပြီး အလှူရှင်များက လှူဒါန်းသော အလှူငွေများကို လက်ခံယူသည်။

(မြို့နယ် မိခင်နှင့်ကလေး)

အနှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်သောဖေဖေ **ဗိုလ်မှူးကြီးကျော်တင့်**(ငြိမ်း)၊ စီမံထူးချွန်(ဒုတိယဆင့်)၊မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ချစ်သောမေမေ **ဒေါ်ခင်ခင်အေး**တို့ရဲ့ ၁၈-၁၁-၂၀၀၈ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် မင်္ဂလာနှစ်ပတ်လည်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ အလှူရေစက် လက်နှင့်မကွာ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခြင်းများစွာဖြင့်

ချစ်သမီးကြီး - ခင်မျိုးသွယ် Application Consultant, NCS Company (Singapore)
ချစ်သားကြီး - ဗိုလ်ကြီးပြည့်စုံအောင် M.C.Sc(D.S.A)
ချစ်သားငယ် - မောင်ရဲမင်းအောင် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)။

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်ခင်စန်း၏ နိုင်ငံကူး လက်မှတ်အမှတ်-ဖ၅၅၃၃၄သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၅၀၄၄၂၀။**



Anniversary and Brithday Wish

Than Swe-Khin Aye Win

(18-11-2008)

Wishing our beloved parents a very happy 35th Wedding anniversary today and also our loving wishes to PePe for his 66th Birthday today.

Thameegyi-Thameenge.

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၈က/၅၂၃၅ Toyota Hilux ၏ အခွန်ကျေလွှာစာရွက်စိမ်းအပိုင်း(၁)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၅၀-၂၈၁၀၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ရဲမြင့်သူ ၉/မရမ(နိုင်)၀၀၀၄၁၂၏ နိုင်ငံကူးလက်မှတ်အမှတ် ၄၅၈၄၆၀သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပါရန်။ **ဖုန်း-၅၅၂၅၅၆။**

ပုလဲရတုမင်္ဂလာ

၁၈-၁၁-၂၀၀၈

ဖေဖေ **ဦးတင်မောင်ဆွေ** (မြို့နယ်စာရင်းရုံး)နှင့် မေမေ **ဒေါ်ကြည်အေး** (သမဝါယမဦးစီးဌာန)တို့၏ နှစ်(၃၀)မြောက် ပုလဲမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် မင်္ဂလာ ရက်မြတ်ပေါင်းများစွာကို ကြည်နူးချမ်းမြေ့မှုအပေါင်းနှင့် ပိုင်ဆိုင်နိုင်ပါစေ။

သမီး - မသက်ဆွေအေးနိုင် **M.E (Theriy)**
သား - မောင်ဟိန်းဇော်ထူးအောင် (ဒုတိယနှစ်) **(I.C)** ရတနာပုံတက္ကသိုလ်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သားများဖြစ်ကြသော မောင်ကျော်ကျော်ထွန်း ၇/တငန(နိုင်)၀၉၈၀၃၁ နှင့် မောင်ကျော်ကျော်သန်း ၇/တငန(နိုင်)၁၁၇၀၈၃ တို့သည် မိဘ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် အိမ်ထောင်ပြုခဲ့ကြပြီး နေအိမ်မှဆင်းသွားခဲ့ကြသဖြင့် သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(၎င်းတို့နှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။)

မိဘ-ဦးမောင်မောင်-ဒေါ်စန်းစန်းညွန့် (တောင်ငူ)။

သက်ကြီးပူဇော်ပွဲနှင့် လမ်းခင်း၊ အလယ်တန်းကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ

ဆရာတော် ဦးအာစာရအား အမှူးထား၍ အလှူရှင် ဦးကျော်စိန်-ဒေါ်ခင်မာမြင့်၊ သား အဲရစ်(စ်)လင်း၊ ဘရန်ရင်လင်း မိသားစုတို့က တောင်တွင်းကြီးမြို့နယ် ထန်းပင်ကုန်းရွာတွင် အသက်(၇၅)နှစ်အထက် စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လမ်းခင်း၊ အလယ်တန်းကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၅ရက်၊(၁၇-၁၁-၂၀၀၈ ရက်)တနင်္လာနေ့ နံနက်စနာရီတွင် တောင်တွင်းကြီးမြို့နယ် ထန်းပင်ကုန်းရွာ၌ ကျင်းပခဲ့ပါသည်။

အမည်ပြောင်း

အထက(၂)နေပြည်တော် ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ဗိုလ်ကြီးစောသီဂီ၏သားမောင်ဟိန်းထက်စိုးအား မောင်အောင်ခန့်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခန့်မင်း။

အမည်ပြောင်း

အဖဦးကျော်သန်း၏သား မောင်လှဝင်းရွှေ ၈/ပမန(နိုင်) ၁၀၉၇၆၃ အား မောင်လှဝင်းရွှေမှ မောင်ကျော်လက်ရာဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်လက်ရာ။

မူးယစ်ကင်းစင် အလှဆင်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားပညာပေး အစီအစဉ်များကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၏ အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ဆင့်ပွားပညာပေးအစီအစဉ်ကို နိုဝင်ဘာ ၁၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း၌ ကျင်းပရာ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ အဖွဲ့ခွဲခေါင်းဆောင်များဖြစ်ကြသော ဒေါ်ခင်မေစိုး၊ ပါမောက္ခဒေါ်ငွေးငွေး၊ ဒေါ်သွဲ့သွဲ့ဝင်း၊ ဒေါ်ပိုပိုကြည်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးကလေးများသင်တန်းကျောင်းမှ ကျောင်းသူများ၊ ဆရာမများ တက်ရောက်၍ ဟောပြောပွဲမှ ရရှိသောအသိပညာများအား ဆွေးနွေးခြင်း၊ မေးခွန်းများဖြေခြင်းနှင့် ဆင့်ပွားပညာပေးခြင်းများ ပြုလုပ်ကြသည်။**(ယာပုံ)**

ကြည့်ရှုအားပေး

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ခွဲခေါင်းဆောင်များ၊ အဖွဲ့ဝင်များသည် ဆွေးနွေးစကားဝိုင်းအပြီးတွင် သင်တန်းကျောင်းရှိ အမျိုးသမီးငယ်များအား လေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ကရာတေးဒိုအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများ စုံညီအစည်းဝေးနှင့် ပြိုင်ပွဲလေ့လာရန်အတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်ခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးပါအဖွဲ့ နိုဝင်ဘာ ၁၆ရက်က ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရွှေဆွဲကြိုးဖြတ်ပြေးသူ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးမိ

ရန်ကုန် နိုဝင်ဘာ ၁၇

သန်လျင်မြို့နယ် ကျိုက်ခေါက်စေတီအနီး၌ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးနှင့်ရွှေဆွဲပြား လုယူထွက်ပြေးသူတရားခံအား သန်လျင်မြို့နယ်ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၂ရက်တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

အမှုဖွင့်အရေးယူ

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၁၁ရက် ည ၁၀နာရီခန့်က သန်လျင်မြို့နယ် အောင်ချမ်းသာ၄ရပ်ကွက် စက်ပစ်ကွင်းဘုန်းကြီးကျောင်းအနီးနေ ဒေါ်မြအေးသည် မိသားစုနှင့်အတူ ကျိုက်ခေါက်စေတီ တန်ဆောင်တိုင်ပွဲတော်သို့ သွားရောက်ပြီးပြန်လာစဉ် ကျိုက်ခေါက်စေတီအနောက်ဘက်မုခ်ဦးအနီးအရောက် အမည်မသိ အမျိုးသားတစ်ဦးကနောက်မှနေ၍ ဒေါ်မြအေး၏လည်ပင်းတွင်ဆွဲထားသော အလေးချိန်ငါးမူးသားရှိ အမ်စီရွှေဆွဲကြိုးနှင့် နှစ်ပဲသားရှိ ရွှေဆွဲပြားတစ်ခု တန်ဖိုးကျပ်နှစ်သိန်းငါးသောင်းငါးထောင်ကျပ်တို့ကို လုယူထွက်ပြေးသဖြင့် သန်လျင်ရဲစခန်းသို့တိုင်တန်းရာ စခန်းမှ (ပ)၁၀၈၇/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၂ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဖော်ထုတ်ဖမ်းဆီး

တရားခံအားဖမ်းဆီးရမိရေးအတွက် သန်လျင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ နိုဝင်ဘာ ၁၂ရက် နံနက် ၈နာရီတွင် ပြစ်မှုကျူးလွန်သူ ကျော်ဝင်းဦး (၃၃)နှစ် အလွမ်းဆွတ်ကျေးရွာ သန်လျင်မြို့နယ်နေသူကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပြန်လည်သိမ်းဆည်း

ကျော်ဝင်းဦးအားစစ်မေးရာ ဒေါ်မြအေး၏ လည်ပင်းမှ ဆွဲကြိုးနှင့်ဆွဲပြားတို့ကို လုယူထွက်ပြေးခဲ့ကြောင်း ဝန်ခံပြီး ဝှက်သိမ်းထားသော အလေးချိန်တစ်မတ်သားခန့်ရှိ ရွှေဆွဲပြားအပြတ်တစ်ခုနှင့် အလေးချိန်နှစ်ပဲသားခန့်ရှိ ရွှေဆွဲပြားတစ်ပြားတို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ မြေငလျင်လှုပ် လေးဦးသေဆုံး၊ ၂၃ ဦးဒဏ်ရာရ

ဂျကာတာ နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် နိုဝင်ဘာ ၁၆ရက် နံနက်စောစောပိုင်းက ရစ်ချ်တာစကေး ၇ဒသမ၅အင်အားရှိသည့် မြေငလျင်လှုပ်မှုကြောင့် လေးဦးသေဆုံးပြီး ၂၃ဦး ဒဏ်ရာရရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

ပြိုကျ

မြေငလျင်ကြောင့် လူနေအိမ် လေးလုံးနှင့် စာသင်ကျောင်း အဆောက်အအုံတစ်လုံးလည်း ပြိုကျခဲ့သည်။

နှစ်ကြိမ်လှုပ်

ငလျင်မှာ ဂိုရွန်တာလိုပြည်နယ်၏ အနောက်မြောက်ဘက် ၁၃၈ကီလိုမီတာနှင့် မြေအောက် ၁၀ ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ငလျင်လှုပ်ပြီးနောက် ရစ်ချ်တာစကေး ၆ဒသမ၀နှင့် ၅ဒသမ၇အင်အားရှိသော နောက်ဆက်တွဲ ငလျင်နှစ်ကြိမ်လှုပ်သေးသည်ဟု ဆို၏။

အမ်အင်န်အေ၊ဆင်ဟွာ



အင်အားပြင်း မြေငလျင်လှုပ်

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၆ရက် မြန်မာစံတော်ချိန် ၂၃နာရီ ၃၉မိနစ် ၄၆စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင်၂၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကသာမြို့နယ်၌ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံဖွင့်

ကသာ နိုဝင်ဘာ ၁၂

ကသာခရိုင် ကသာမြို့နယ် ဘွက်ကျေးရွာအုပ်စု ဘွက်ကျေးရွာ၏ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်၌ကျင်းပရာ ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးမောင်လေးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လက်ခံယူ

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးပြောပြီး စာကြည့်တိုက်သို့ စေတနာရှင် အလှူရှင်များက စာအုပ်စာစောင် အုပ်၄၅၀နှင့် ငွေပဒေသာပင်အတွက် ငွေကျပ် ၄၅၀၀၀ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆောက်အအုံသစ်

ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်မှာ နှစ်ထပ်ဖြစ်ပြီး အလျား ၂၄ပေ၊ အနံ ၁၆ပေ၊ သွပ်မိုးပျဉ်ကာ၊ ပျဉ်ခင်းဖြစ်ပြီး၊ တန်ဖိုးမှာ စုစုပေါင်း ငွေကျပ် ကိုးသိန်းကျော်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ငွေပဒေသာပင်စိုက်ထူ

ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၏ စေတနာ(အခမဲ့) ဆေးကုခန်း ငွေပဒေသာပင် စိုက်ထူရန်အတွက် အောက်တိုဘာ ၃၁ ရက်က ပေါင်းတည်မြို့ အရှေ့လမ်းနေ ဒေါ်ပုလေး (ကြက်သွန်ပွဲရုံ)မိသားစုက ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးကုခန်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း၊ အတွင်းရေးမှူး ဦးလှဖေနှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (၀၆၁)

အင်္ဂလိပ်စာသင်တန်းသား သင်တန်းသူများ အာစရိယပူဇော်

မန္တလေး နိုဝင်ဘာ ၁၇

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်)မှ ကြီးမှူးဖွင့်လှစ်သောDiploma in English Course No.8 နှင့် English Language Proficiency Course No.8 သင်တန်းသား သင်တန်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၇ရက် ညနေ ၄နာရီက Conference Room ၌ ကျင်းပရာ **(အပေါ်ပုံ)**ပါမောက္ခချုပ်ဦးပိုမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဇော်လင်း၊ အင်္ဂလိပ်စာဌာနတွဲဖက်ပါမောက္ခဦးဇော်ဝင်းနှင့်ဆရာဆရာမများ၊သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် မမေဇင်ကိုက ဆောင်ရွက်သည်။

ပေးအပ်

အာစရိယပူဇော်ပွဲတွင် ရှေးဦးစွာ သင်တန်းသား မောင်သိန်းထိုက်ဦးဆောင်၍ သင်တန်းသား သင်တန်းသူများက ဆရာဆရာမများအား ကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဖတ်ကြား

ထို့နောက် ပါမောက္ခချုပ် ဦးပိုမြင့်နှင့် အင်္ဂလိပ်စာဌာန တွဲဖက်ပါမောက္ခဦးဇော်ဝင်းတို့က ဆုံးမဩဝါဒစကားနှင့် ဆုပေးစကား ပြောကြားသည်။ ဆက်လက်၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး အဖွဲ့ခေါင်းဆောင် မောင်ဇော်မင်းသန့်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး မဝင်းဝင်းဋ္ဌေးက ငွေစာရင်း ရှင်းတမ်းဖတ်ကြားတင်ပြ၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကာ အာစရိယပူဇော်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ပညာရေး)**

ကွင်းဆင်းကြပ်မတ်

တာချီလိတ်မြို့ မြို့တွင်းလမ်းဖြစ်သော ဟောင်လိတ်(၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၅ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူ ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများ ပူဇော်ကန်တော့

အင်းတော် နိုဝင်ဘာ ၁၂

အင်းတော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသော ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ရက် နံနက် ၉နာရီက အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အသက် ၈၀ကျော် ဘိုးဘွားများအား အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်း ပူဇော်ကန်တော့ကြသည်။

(၀၃၀)

ဆင်ဘိုတွင် အမြန်ရေယာဉ်ငယ်(စက်လှေ)ဆိပ်ဖွင့်

ဆင်ဘို နိုဝင်ဘာ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆင်ဘို-မြစ်ကြီးနား၊ ဆင်ဘို-ဗန်းမော် အမြန်ရေယာဉ်ငယ်(စက်လှေ)ဆိပ်ဖွင့်ပွဲကို အောက်တိုဘာ ၂၉ရက် နံနက် ၉နာရီက ဆင်ဘိုမြို့ ဘုရားကုန်းဆိပ် ဧရာဝတီမြစ်ကမ်းဘေး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားကာ အမြန်ရေယာဉ်ငယ်(စက်လှေ)ဆိပ်ကို ဖွင့်လှစ်ပေးသည်။

နေ့စဉ်ပြေးဆွဲ

ဆင်ဘိုမြို့သည် မြစ်ကြီးနားမြို့နှင့် ၈၅မိုင်၊ ဗန်းမော်မြို့နှင့် ၄၅မိုင်ကွာဝေးပြီး ဧရာဝတီမြစ် ရေလမ်းကြောင်းဖြင့်သာ ဆက်သွယ် အသုံးပြုလျက်ရှိရာ အမြန်ရေယာဉ်ငယ်(စက်လှေ)များ နေ့စဉ်ပြေးဆွဲခြင်းဖြင့် ပြည်သူများလမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့ ကောင်းမွန်လာမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင်မြို့နယ်၌ မူလတန်းကျောင်း(ခွဲ)ဖွင့် ရုပ်မြင်သံကြားနှင့် ကျောင်းသုံးစာအုပ်များလှူဒါန်း

ယင်းမာပင် နိုဝင်ဘာ ၁၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် သလောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသောင်းရွှေတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင်က ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲအခမ်းအနား ကျင်းပရာ ကျေးရွာပြည်သူများမှကျောင်းအတွက် ၂၁လက်မရောင်စုံရုပ်မြင်သံကြား စက်တစ်လုံးနှင့် အလှူငွေကျပ်ငါးသောင်း၊ အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေကျပ်ငါးသောင်းနှင့် ကျောင်းသားမိဘများမှ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က လက်ခံယူကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ



ညောင်ဦးမြို့နယ် ဝါခင်းကြီးကျေးရွာ၌ ခြောက်လက်မအချင်း စက်ရေတွင်း(တွင်းနက်)ကို စက်တင်ဘာ ၃ရက်က ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးသိန်းလွင်၊ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းညွှန့်တို့က ကြီးကြပ်တူးဖော်ပေးပြီး ရေစမ်းသပ်မောင်းနှင်ချိန်တွင် ရွာသူရွာသားများ ပျော်ရွှင်စွာ ရေရယူသုံးစွဲကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အရာတော်မြို့နယ်၌ ပညာရည်ချွန်ဆုပေးအပ်

အရာတော် နိုဝင်ဘာ ၁၃

အရာတော်မြို့နယ် ဆံရစ်ကျေးရွာ၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းနှင့် မူလတန်း(လွန်) ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ရက် နံနက် ၈နာရီက အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် လက်ထောက်ပညာရေးမှူး ဦးတင်ဦးတို့က အဖွင့်အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်စုံရေး စလင်း၌ဆွေးနွေး

မင်းဘူး နိုဝင်ဘာ ၁၃

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်သည် စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့်အတူ အောက်တိုဘာ ၉ရက်က စလင်းမြို့နယ် ဘိုးဝန်းရွာ စာကြည့်တိုက်၌ သရက်ချဉ်၊ ရွှေဘုံသာ၊ သမြင်လင်းနှင့် ရေကြည်ကျေးရွာအုပ်စု စာကြည့်တိုက်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဖွင့်လှစ်ပြီးစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့သည်။ (၀၇၁)

ကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ခြင်း၊ သားဆက်ခြားခြင်းနှင့် အရေးပေါ်သားဖွားခြင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း အသိပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၉ရက် မွန်းလွဲ၁နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင် **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး (မိခင်နှင့်ကလေးဌာန) ဒေါက်တာသိင်္ဂီမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး(အာဟာရဌာန)ဒေါက်တာမြင့်မြင့်ဇင်တို့က ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ခြင်း၊ သားဆက်ခြားခြင်းနှင့် အရေးပေါ်သားဖွားခြင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်းအကြောင်း အသိပေးဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

ပြင်ဦးလွင် နိုဝင်ဘာ ၈

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၁ရက် နံနက်ဝနာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က သင်တန်းကျင်းပရခြင်းအကြောင်းအရာနှင့် ရည်ရွယ်ချက်များ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းတွင် သိရှိမှတ်သားရမည့် အချက်အလက်များ ရယူမှတ်သား လိုက်နာကြရန် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ဝင်းဝင်းငွေးက တရားစီရင်ပုံနှင့်ရာဇဝတ်၊ တရားမဆိုင်ရာများ ပို့ချပြီး ဒုတိယမြို့နယ် ဥပဒေအရာရှိဒေါ်လှလှဝင်းက ဥပဒေဆိုင်ရာများ အသေးစိတ် ရှင်းလင်းပြောကြား ပို့ချကြောင်း သိရသည်။ **(ဝ၈၈)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မိုးညှင်းမြို့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၂၁ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။(ပြည်နယ်စည်ပင်)

ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၉)၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၆)တွင် တက်ရောက် ပညာသင်ကြားနေကြသော တိုင်းရင်းသားသင်တန်းသူများအား ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် သင်ကြားပို့ချစဉ်။ (မြို့နယ်စည်ပင်)

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆရာဖြစ်သင်တန်းဖွင့်

ကလေး နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်း ကလေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့နယ်ဆင့်ပွား ဆရာဖြစ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၅ရက် နံနက် ၉နာရီခွဲက ကလေးမြို့နယ် နေရှူရာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယကဒေါ်ပိုပိုအေးက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရိုန်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မြို့နယ်နှင့် ရပ်ကွက်၊ကျေးရွာဆင့်ပွားသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၇၇၅၀၀၀ကို မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရိုန်က ပေးအပ်ရာ ကလေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်းဘွဲမြို့ သာယာလှပရေးအတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း စိန်တံချူ၊ ခရာဝါ၊ ပန်းအိ၊ စက္ကူပန်း၊ နှယ်သာကီ ပန်းငါးမျိုးကို သတ်မှတ်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးထားရှိရာသို့ အောက်တိုဘာ၁၅ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အောင်မြေသာစံ၌ ကျန်းမာရေးပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေး ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က သီရိမာလာ အနောက်ရပ်ကွက် ရွှေလှေဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေက အမှာစကားပြောကြားပြီး အသင်းဖွဲ့စည်းပုံကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဒေါ်မြမြမိုးက အမျိုးသမီးများ၊ မိခင်များ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအကြောင်းကို လည်းကောင်း၊ အမှုဆောင် ဒေါ်စန်းစန်းဦးက ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးတို့ကို ပန်းချီကားချပ်များနှင့်တကွ ပညာပေးဟောပြောသည်။

ထို့နောက် ရာသက်ပန်အသင်းဝင် ရင်ထိုးနှင့်အသင်းကတ်ပြားများကို အသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့် အမှုဆောင်များကပေးအပ်ပြီး ခေါက်ဆွဲခြောက်ထုပ်များ ဝေငှပေးကြသည်။ (ဝ၉ဝ)

ကလောမြို့သို့ ရေပေးဝေလျက်ရှိသော ရေအေးကန်ပိုက်လိုင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ်စည်ပင် ကျောက်ချောလမ်းခင်း

ဝိုင်းမော် နိုဝင်ဘာ ၁၂

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် အောက်တိုဘာ ၁၃ရက်က ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အမှတ်(၁၃)လမ်း ကျောက်ချောခင်းခြင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့အနယ်နယ်

သတင်းပဒေသာ

ရေတာရှည်မြို့နယ်၌ မနောသုခ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကအထွက်နှုန်းမှန်ကန်ရေး ပညာပေးဆွေးနွေး

ရေတာရှည် နိုဝင်ဘာ ၁၂

တောင်ငူခရိုင် မြေစာရင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၏ ၂၀၀၈ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၇ရက် နံနက်၉နာရီက ပဲခူးတိုင်း ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၃၈)၊ ဦးပိုင်အမှတ်(၄၂/၅)ရှိ လယ်သမားကြီး ဦးကြည်ဝင်း၏ မနောသုခ စပါးစိုက်ဧက နှစ်ဧက၌ ကျင်းပသည်။

ကြည့်ရှု

အဆိုပါစံကွက်ရိတ်သိမ်းရာသို့ တောင်ငူခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးပွင့်သူအောင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဟန်ညိန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လယ်သမားကြီးများ တက်ရောက်ကြည့်ရှုကြပြီး လယ်သမားကြီး ဦးကြည်ဝင်း၏ မနောသုခ စံကွက်ကို ရိတ်သိမ်းကြရာ တစ်ဧကပျမ်းမျှ ၈၁ ဒသမ ၉၆တင်း ထွက်ရှိသည်။ **(ဝဲပုံ)**

ပညာပေးဆွေးနွေး

စံကွက်ရိတ်သိမ်းအပြီးတွင် တောင်ငူခရိုင် မြေစာရင်းဦးစီးမှူး ဦးပွင့်သူအောင်က စပါးတစ်ဧက အထွက်နှုန်း မှန်ကန်ရေး၊ စံကွက်ရိတ်သိမ်းခြင်း နည်းလမ်းများကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လယ်သမားကြီးများအား တွေ့ဆုံပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(စိုက်ပျိုးရေး)**

ရမည်းသင်း၌ အလင်းပြည့်ဖြိုး စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေး

ရမည်းသင်း နိုဝင်ဘာ ၈

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာ အလင်းပြည့်ဖြိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဆွေးနွေးမှာကြား

အလင်းပြည့်ဖြိုး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံကို ဦးစီးအရာရှိ ဦးချိုမောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ဦးချိုမောင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ဆွေးနွေး မှာကြားပြီး စာအုပ် ၅၀လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်လွင်က လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ထနောင်းကုန်းကျေးရွာအုပ်စု ပေါ်သွယ်ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံနှင့် စည်ပင်သာကျေးရွာ ပညာအလင်း စာကြည့်တိုက်အဆောက်အအုံများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စာအုပ်၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အောက်တိုဘာ ၂၈ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေးအတွက် မင်းဘူးတန်းလမ်းနှင့် ကြာနီကန်လမ်းတစ်လျှောက် ရေမြောင်းများအတွင်း မြက်များနှင့် အမှိုက်များရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး အောက်တိုဘာ ၁၃ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တွန်းဇန်မြို့ တိုးချဲ့ရေပေးရေးလုပ်ငန်း ဆောင်ရွက်

တွန်းဇန် နိုဝင်ဘာ ၁၀

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် အောက်တိုဘာ၁၉ရက်က တွန်းဇန်မြို့သို့ ရောက်ရှိရာ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော တိုးချဲ့ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ **(မြို့နယ်စည်ပင်)**

ကျောက်တန်းမြို့ အီလက်ထရွန်နစ် စာကြည့်တိုက်သို့ အလှူငွေနှင့် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်တန်းမြို့၌ ဖွင့်လှစ်ထားရှိသော အီလက်ထရွန်နစ် ခေတ်မီစာကြည့်တိုက်သို့ ကျောက်တန်းမြို့ ကျိုက်မော်ဝန်းရေလယ်ဘုရားရှိ ဓာတ်ပုံလုပ်ငန်းရှင်များအဖွဲ့က အလှူငွေနှင့်စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက်၁၀နာရီက အီလက်ထရွန်နစ် ခေတ်မီစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်ခင်ကြူက အမှာစကား ပြောကြားပြီး အီလက်ထရွန်နစ် ခေတ်မီစာကြည့်တိုက်သို့ ကျောက်တန်းမြို့ ကျိုက်မော်ဝန်းရေလယ်ဘုရားမှ ဓာတ်ပုံလုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ငွေကျပ်တစ်သိန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးထံသို့လည်းကောင်း**(ယာပုံ)**၊ စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးထွန်းဦးမိသားစုက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၂၀၀ကိုလည်းကောင်း၊ ဦးမောင်သန်း(ဗိုလ်ကြီး၊ငြိမ်း)က သုတ၊ရသစာအုပ်မျိုးစုံ အုပ်၃၀၀ကိုလည်းကောင်း၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူးဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မှုခင်းသတင်း — အရက်မူးလွန်ပြီး ဓားဖြင့်ထိုး မိတ္ထီလာ၌ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

မိတ္ထီလာ နိုဝင်ဘာ ၁၂

အရက်မူးလွန်သူက ဓားဖြင့်လိုက်ခုတ်ရာမှ နှစ်ဦးဒဏ်ရာရပြီး တစ်ဦးသေဆုံးသွားမှု မတ် ၂၁ရက်က မိတ္ထီလာမြို့၌ ဖြစ်ပွားသည်။ ဖြစ်ပွားပုံမှာ မတ် ၂၁ရက် ည၁၀နာရီက မိတ္ထီလာမြို့ အနောက်ဘက် ခြောက်မိုင်ကွာ ရွှေစစ်သည်ကျေးရွာနေ ဒေါ်ငွေးမှီ၏ ခင်ပွန်းဖြစ်သူ ကိုလှမြင့်မှာ အရက်မူးလွန်ပြီး ဓားချွန်တစ်ချောင်းကိုင်ဆောင်ကာ တွေ့သမျှလူများအား လိုက်ထိုးနေရာမှ နှမဝမ်းကွဲတော်သူ မအေးအေးခိုင်၊ ဦးလေးတော်သူ ဦးလှအောင်နှင့် ဝက်ချောက်ရွာသား ဦးဝင်းလှိုင်တို့မှာ ဓားဒဏ်ရာအသီးသီး ရရှိသွားကြသည်။ အေးအေးခိုင်တွင် ယာဘက်ရင်သားအောက် ပေါက်ပြဒဏ်ရာ၊ ဝဲဘက်ပေါင် ပေါက်ပြဒဏ်ရာ၊ ဦးလှအောင်တွင်ဝဲဘက်နံရိုးနှင့် ဦးဝင်းလှိုင်မှာ ဝမ်းဗိုက် ပေါက်ပြဒဏ်ရာမှ အူများထွက်သည်အထိ ဒဏ်ရာရရှိခဲ့ကြသည်။

သေဆုံး

မောင်ဝမ်းကွဲတော်သူ ဦးထွန်းအောင်က အမှတ်(၁)ရဲစခန်းသို့ တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားရာ ဦးလှမြင့်အား ရဲစခန်း(ပ)၆၆/၂၀၀၈ ပုဒ်မ ၃၂၆/၃၂၄ ဖြင့်ဖမ်းဆီး အရေးယူခဲ့သည်။ ရဲဆေးစာဖြင့် အေးအေးခိုင်၊ ဦးလှအောင်နှင့် ဦးဝင်းလှိုင်တို့အား မိတ္ထီလာဆေးရုံကြီးသို့တင်ပို့ရာ ဦးဝင်းလှိုင်မှာ ရရှိသောဓားဒဏ်ရာဖြင့် ဆေးရုံ၌ သေဆုံးသွားခဲ့သဖြင့် အမှုကို ၃၀၂သို့ ပြောင်းလဲဖွင့်ခဲ့လိုက်သည်။

ပြစ်ဒဏ်ကျ

အမှုနှင့်ပတ်သက်၍ မိတ္ထီလာခရိုင်တရားရုံးက ဩဂုတ်၆ရက်၌ ရွှေစစ်သည် ကျေးရွာနေ ဦးလှမြင့် (၄၆)နှစ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၀၂(၂)အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ်၊ ဥပဒေပုဒ်မ၃၂၆အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်၊ ဥပဒေပုဒ်မ ၃၂၄အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ် ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ (၀၈၆)



ဇီဝ

မျိုးစုံ

မျိုးကွဲတွေ

ကြွယ်ဝစေဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့

အထူးဈေးနှုန်း

HP, Canon, Laser Printer Toner
Refill-4000
Drum-6000
Blade-1500

ပုံထွက်အရည်အသွေး အာမခံပါသည်။
၁၆၇(ပထမထပ်)၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၃၈၉၆၅၅။





သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းခိုင်(ဘ)ဦးအေးသိန်း ၁၁/တကန(နိုင်)၀၅၁၇၆၉နှင့် မခင်မာဝင်း(ခ) မလုံမ(ဘ)ဦးထွန်းကြည် ၁၂/သကတ(နိုင်)၁၆၉၄၂၀ တို့သည် (၂၀၀၁)ခုနှစ်မှစ၍ လက်ထပ်ပေါင်းသင်းခဲ့ကြသော်လည်း မခင်မာဝင်း(ခ)မလုံမ အနေနှင့် အိမ်ထောင်ရေးကျင့်ဝတ်များ ဖောက်ဖျက်ခြင်းကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပါသဖြင့် ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းခိုင်နှင့် မခင်မာဝင်း (ခ)မလုံမ တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝပတ်သက်မှုမရှိတော့ကြောင်းနှင့် မခင်မာဝင်း(ခ) မလုံမအား ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းခိုင်က ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံကြပါရန်။

ဦးဝင်းခိုင် ညွှန်ကြားချက်အရ-
ဦးလှမြင့် (စဉ်-၂၄၁၈)၊
(တရားရုံးချုပ်ရှေ့နေ)၊
အမှတ်၅/၈၆၉၊ မြင်သာလမ်း၊
ညောင်ကုန်းရပ်ကွက်၊ ဒလမြို့။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
သာယာဝတီခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်-၅၇

ဦးကျော်ရွှေ	**နှင့်**	ရှဖီး(ခ)ကိုမြင့်ဌေး
တရားလို		**တရားခံ**

လက်ပံတန်းမြို့၊ သမစိတ္တရပ်၊ မြို့မရပ်ကွက်နေ ရှဖီး(ခ)ဦးမြင့်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်ရွှေက မတ်ပဲဖိုးကျန်ငွေကျပ် ၉၁၈၀၀၀၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၁ရက် (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းသန်းမြတ်
ခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး။

ချင်းပြည်နယ်မှ ကျောင်းသားကျောင်းသူများ အဆင့်မြင့်နည်းပညာများကို အိုးမကွာ၊ အိမ်မကွာ လက်လှမ်းတမီ သင်ယူနိုင်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)

➤ သတင်းခရီးသည် - မျိုးမင်းသိန်း(မရမ်းကုန်း) ➤ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ)
➤ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၇

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ၌ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းပေါ်ပေါက်လာရေးသည် အဓိကကျသည့် အချက်ပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ၁၉၈၈ ခုနှစ်နောက်ပိုင်း တက္ကသိုလ်နှင့် ကောလိပ်များကို နိုင်ငံတော်တစ်ဝန်း၌ အဆင့်မြှင့်တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုအခါ တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၁၅၆ ခုအထိ ရှိလာခဲ့ပေပြီ။

ဟားခါးမြို့သို့ ရောက်ရှိ

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ချင်းပြည်နယ် ဖလမ်းခရိုင် ဟားခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို သတင်းမှတ်တမ်းများရယူရန်ရောက်ရှိခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်း သွားရောက်လေ့လာခဲ့ကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)ကျောင်း မြင်ကွင်းအလှကို အဝင်လမ်းတစ်နေရာမှ ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ပင်လယ်ရေမှော်ပင်များကို ဤသို့ ကြိုးတန်း၍ ပင်လယ်အတွင်း စိုက်ပျိုးကြသည်။ (မြန်မာ့အလင်း)

မြန်မာအသင်းအကြောင်း ကောင်းကောင်းသိသည့် ဆာသီယာနသန်ရဲ့ မလေးရှားအသင်းကို ပလော်ပါ ဘယ်လိုရင်ဆိုင်မလဲ

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

မြန်မာအသင်းခေါင်းဆောင် စိုးမြတ်မင်း ဂိုးသွင်းနိုင်မည်လော။

ရန်ကုန် နိုဝင်ဘာ ၁၇

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၈ နှင့် ၁၉ ရက်များတွင် *စာမျက်နှာ ၁၂ ကော်လံ ၁* ✻

အလှကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် ထူးခြားရေမှော်ပင်များ မြန်မာနိုင်ငံတွင် ပထမဆုံးစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေပြီ

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး(မြန်မာ့အလင်း)

မြိတ် နိုဝင်ဘာ ၁၇ (ဖက်စ်)

တနင်္သာရီတိုင်း ကမ်းရိုးတန်း မြိတ်ဒေသသည် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ ပြည်ပပို့ကုန် လုပ်ငန်းများဖြင့် စီးပွားရေးဖြစ်ထွန်းနေသော ဒေသဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

၄၅ ရက်အကြာ ကြီးထွားလာသော ရေမှော်ပင် အထုပ်ကြီးဖြစ်လာပုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၅နာရီ ဖြိုဟ်တုမိုးလေဝသ တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်လျက်ရှိသော 'နိုရယ်'အမည်ရှိ အပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက် ရွေ့လျားလျက်ရှိရာ ယင်းမုန်တိုင်း၏အရှိန်ကြောင့် ယနေ့ညနေမှနောက် ၃၆ နာရီအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။